မြန်မာနိုင်ငံ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

မြန်မာနိုင်ငံ၏
သန်းခေါင်စာရင်းနှင့်ပတ်သက်သော အမေးအဖြေများ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်သူ့အင်အားဦးစီးဌာန

နိုဝင်ဘာလ ၂၀၁၄

နိဒါန်း

ဤစာအုပ်ငယ်သည် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အချက်အလက်များ ထုတ်ပြန်ကြေငြာခြင်းနှင့် စပ်လျဉ်းပြီး တွေ့ဆုံဆွေးနွေးပွဲများတွင် အမေးများသော အမေးအဖြေများကို စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။ ယင်းတွေ့ဆုံဆွေးနွေးပွဲ များတွင် ၂၀၁၄ မေလမှစတင်ကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တွေ့ဆုံခဲ့သော လူမှုအသိုင်းအဝိုင်း၏ ကဏ္ဍအသီးသီးမှ ကိုယ်စားလှယ် များ၏ ဆွေးနွေးချက်များ ပါဝင်ပါသည်။ ၎င်းတို့တွင် ဘာသာရေးနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ အဖွဲ့များ၊ နိုင်ငံရေး ပါတီများ၊ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍ၊ မီဒီယာနှင့် အစိုးရအရာရှိများနှင့် တွေ့ဆုံခြင်းများပါဝင်ခဲ့ပါသည်။ ထို့ပြင် နေပြည်တော်ရှိ သန်းခေါင်စာရင်းဌာနသို့သွားရောက်လျက် သန်းခေါင်စာရင်းလုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့များ၊ မီဒီယာ၊ အလှူရှင်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နေသော မိတ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့များစသည်ဖြင့် အဖွဲ့လိုက် လေ့လာခဲ့ကြပါသည်။ ဤသန်းခေါင်စာရင်းနှင့် ပတ်သက်ပြီး “အမေးများသော မေးခွန်းများ” တွင် သန်းခေါင်စာရင်း အမျိုးသားအကြံပေးကော်မတီ၏ အကြံပြုချက်များနှင့် မေးခွန်းများလည်း ပါဝင်ပါသည်။

မတူကွဲပြားမှုများရှိနေသော မြန်မာနိုင်ငံ၏ အချို့ဒေသများတွင် သန်းခေါင်စာရင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် သက်ဆိုင်သော စိုးရိမ်မှုများကို သိရှိခဲ့ရသည့် အားလျော်စွာ ဤစာအုပ်ငယ်ဖြင့် လူထုအတွက် နားလည်မှု၊ ယုံကြည်မှု၊ လက်ခံမှုရရှိစေရန်နှင့် သန်းခေါင်စာရင်း အချက်အလက်များ အသုံးပြုနိုင်မှု အဆင့်ဆင့်ကို သိရှိစေရန် ကူညီပေးခြင်းဖြင့် ပြည်သူ့ဗဟိုပြု သန်းခေါင်စာရင်း အချက်အလက်များ ထုတ်ပြန်ကြေငြာခြင်း လုပ်ငန်းစဉ်ကို များစွာ အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။

သန်းခေါင်စာရင်းနှင့် ပတ်သက်သော ယေဘူယျ မေးခွန်းများ

၁။ ဘာကြောင့် သန်းခေါင်စာရင်း ကောက်ရတာလဲ ?

ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးနီးပါးတွင် ၎င်းတို့၏အစိုးရနှင့် လူမှုပတ်ဝန်းကျင်အတွက် တိကျသော လူဦးရေကိန်းဂဏန်းများ၊ သွင်ပြင်လက္ခဏာများ၊ နေထိုင်မှုပုံစံများ သိရှိစေရန်အလို့ငှာ လူဦးရေသန်းခေါင်စာရင်းကောက်ယူမှုများကို ဆောင်ရွက်လေ့ရှိပါတယ်။ ပုံမှန်မှတ်ပုံတင်စာရင်းသွင်းသည့်စနစ်ရှိသော နိုင်ငံအနည်းငယ်တွင်သာ အချိန်နှင့်တပြေးညီ တိကျသောသတင်းအချက်အလက်များ ရရှိနေပြီဖြစ်၍ သန်းခေါင်စာရင်း ကောက်ယူရန် မလိုအပ်သည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

၂။ UNFPA ဆိုတာဘာလဲ? သန်းခေါင်စာရင်းမှာ ဘယ်အခန်းကဏ္ဍကပါလဲ?

UNFPA (ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့) သည် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုအေဂျင်စီ တစ်ခုဖြစ်ပြီး နိုင်ငံများအတွက် လူဦးရေ ကျားမရေးရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် ကူညီထောက်ပံ့မှုများပေးပါတယ်။ သန်းခေါင်စာရင်းကောက်ယူမှုများအတွက် နည်းပညာဆိုင်ရာနှင့် တစ်ခါတစ်ရံ ငွေကြေးအကူအညီများလည်း ပေးလေ့ရှိပါတယ်။

၃။ မြန်မာနိုင်ငံသန်းခေါင်စာရင်း ကောက်ယူမှုရဲ့ကုန်ကျစရိတ် ဘယ်လောက်ရှိသလဲ?

သန်းခေါင်စာရင်းကောက်ယူမှု၏ စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ (၆၀) သန်းခန့်ရှိပါတယ်။ စာရင်းအတိအကျကိုစီမံချက် လုပ်ငန်းတစ်ခုလုံးပြီးဆုံးချိန်တွင် သိရမှာ ဖြစ်ပါတယ်။ အဆိုပါ ရန်ပုံငွေများကို နိုင်ငံတော်အစိုးရ၊ အလှူရှင်နိုင်ငံများနှင့် UNFPA တို့မှ ထည့်ဝင်ပါတယ်။ အရပ်ဘက် လူမှုအဖွဲ့စည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့စည်းများမှလည်း မိမိတို့ဆန္ဒအလျောက် စေတနာဖြင့် ပြည်သူလူထု အသိပညာပေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့တာတွေလဲ ရှိပါတယ်။

၄။ သန်းခေါင်စာရင်း ကောက်ယူရခြင်းရဲ့ တန်ဖိုးက ဘာလဲ?

တိကျသော လူဦးရေစာရင်းကို ရရှိခြင်းအားဖြင့် လူထုအကျိုးပြုလုပ်ငန်းများ၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ၊ မူဝါဒချမှတ်ခြင်းများ၊ ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုမြှင့်တင်ခြင်း လုပ်ငန်းများအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာမှာ အရေးပါပါတယ်။ သန်းခေါင်စာရင်းတွင် တိကျခိုင်မာသည့် စာရင်းအင်းစနစ်များ ပါဝင်ပါတယ်။

၅။ သန်းခေါင်စာရင်းနှင့် ပတ်သက်ပြီး ဖြစ်လာနိုင်တဲ့ ဆိုးကျိုးနဲ့ အန္တရာယ်တွေကို ဖော်ပြနေကြပေမဲ့ သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းစဉ်ကို ရက်မရွှေ့ဆိုင်းပဲ ဘာဖြစ်လို့ မတ်လ-ဧပြီလ ၂၀၁၄ မှာကောက်ယူခဲ့တာလဲ?

သန်းခေါင်စာရင်းကဲ့သို့ လုပ်ငန်းပမာဏ အလွန်ကြီးမားပြီး ကဏ္ဍမျိုးစုံပါဝင်တဲ့ လုပ်ငန်းမျိုးမှာ ဆိုးကျိုးနဲ့အန္တရာယ်တွေကတော့ ရှိနေနိုင်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံလိုမျိုး နိုင်ငံရေးနှင့် လူမှုစီးပွားရေး ပြုပြင်ပြောင်းလဲရေး လုပ်နေသည့် နိုင်ငံမျိုးတွင် အကျိုးသက်ရောက်မှုများ မရှိနိုင်ဟု အာမခံရန် မဖြစ်နိုင်ပါ။ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းခန့်တွင် ဘေးထွက်ဆိုးကျိုးသက်ရောက်နိုင်မှုကို ဘက်ပေါင်းစုံမှ ဆန်းစစ်လေ့လာချက်တစ်ခုကို မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့ပါတယ်။ ထိုအစီရင်ခံစာပါ ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးသက်ရောက်နိုင်မှုများကို စမ်းသပ်သန်းခေါင်စာရင်း ကာလအတွင်းတွင် ပြည်တွင်းနှင့်ပြည်ပမှ လေ့လာသူအဖွဲ့တစ်ဖွဲ့မှ စမ်းသပ်မှုများ ပြုလုပ်ခဲ့ပါတယ်။ ထို့နောက် သန်းခေါင်စာရင်းကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများတွင် ယင်း ဆန်းစစ်လေ့လာမှုမှရရှိလာသည့် အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပြီး ယင်းကဲ့သို့ဆိုးကျိုးများဖြစ်ပေါ်နိုင်မှုကို ကိုင်တွယ်ထိန်းချုပ်သော ပြင်ဆင်မှုများနှင့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ခဲ့ပါတယ်။

သန်းခေါင်စာရင်းကို မူလသတ်မှတ်ထားတဲ့အတိုင်း ၂၀၁၄ တွင်လုပ်ဆောင်လျှင် မည်သည့် အခွင့်အလမ်းများနှင့် ဆိုးကျိုးသက်ရောက်နိုင်မှုများ ဖြစ်လာနိုင်သည်၊ သို့မဟုတ် ၂၀၁၄ တွင် မလုပ်ဆောင်ခဲ့လျှင် ရလာမည့်အခွင့်အလမ်းနှင့် ဆိုးကျိုးသက်ရောက်နိုင်မှုများကို လေ့လာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိအားဖြင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများ၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲရေးစတဲ့ နက်နဲများပြားလှတဲ့ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ကိုင်နေကြတာဖြစ်ပါတယ်။ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ လုံလောက်တဲ့ အချက်အလက်တွေပေါ်မှာ အခြေခံဖို့ လိုအပ်ပါတယ်။ လက်ရှိအသုံးပြုနေကြတဲ့အချက်အလက်တွေက ၁၉၈၃ ခုနှစ်သန်းခေါင်စာရင်းကနေ ရခဲ့တဲ့ စာရင်းတွေပေါ်မှာ အခြေခံထားတာဖြစ်လို့ နှစ်ပေါင်း (၃၀) ကျော်ကြာပြီး လက်ရှိအခြေအနေနဲ့ မကိုက်ညီတော့တာတင်မကဘဲ ဒီအတောအတွင်း ဒီနိုင်ငံမှာ တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ နိုင်ငံရေး၊ လူမှုရေးနှင့် လူဦးရေ ပြောင်းလဲမှုတွေကို ထင်ဟပ်မှု မရှိတော့ပါဘူး။ ဒီ့အတွက်ကြောင့် ယခင် သန်းခေါင်စာရင်းရဲ့ အချက်အလက်တွေကိုအခြေခံပြီး ပေါ်လစီချမှတ်မှု၊ စီမံမှုတွေ ပြုလုပ်ဖို့ မဖြစ်နိုင်တော့ပါဘူး။ ထို့ပြင် ၂၀၁၅ ခုနှစ်မှာ ရွေးကောက်ပွဲ ပြုလုပ်ဖို့နှင့် အစိုးရသစ်တင်မြှောက်ဖို့ အစီအစဉ်

တွေလည်း ရှိနေပါသေးတယ်။ ဒီလို သင့်လျော်လိုအပ်နေတဲ့ အချိန်အခါမှာ သန်းခေါင်စာရင်း ကောက်ယူမှု မပြုလုပ်ထားသေးဘူးဆိုရင် နောင်တက်လာမဲ့ အစိုးရသစ်လက်ထက်မှာ အခြေခံစရာ အချက်အလက် အတိအကျမရှိဘဲ စီမံမှုတွေ၊ ဆုံးဖြတ်ချက်တွေ လုပ်နေရပါလိမ့်မယ်။ ဒီအခါမှာ အစိုးရသစ်က သူ့လက်ထက်မှာ သန်းခေါင်စာရင်းကောက်ဖို့ အစီအစဉ်တွေ လုပ်ဆောင်ရမှာဖြစ်ပြီး နောက်ထပ်အချိန် (၃) နှစ် (၄) နှစ်လောက်အထိ သူ့လက်ထက်မှာအဲဒီသန်းခေါင်စာရင်းအဖြေတွေကို အဆင်သင့် ရနိုင်မှာ မဟုတ်ဘူး။ ဆိုလိုတာက အစိုးရသစ်လက်ထက်မှာ လူဦးရေ အခြေအနေတွေ၊ လူမှုရေး လိုအပ်ချက်တွေနဲ့ ဆိုင်တဲ့ လုံလောက်တဲ့ ဗဟုသုတမရှိဘဲ ပေါ်လစီအသစ်တွေ၊ အစီအစဉ်တွေဟာ ချမှတ်နေရလိမ့်မယ် ဆိုတာပါဘဲ။

အထက်မှာဖော်ပြတဲ့ အချိန်ကာလအတိုင်းအတာက နိုင်ငံတကာ အတွေ့အကြုံ အလေ့အထတွေ ဖြစ်တဲ့ သန်းခေါင်စာရင်းကောက်ယူမှုကာလနှင့် ရွေးကောက်ပွဲကာလကြားမှာ အနည်းဆုံး တစ်နှစ် အချိန်ကွာရမယ် ဆိုတာနဲ့လည်း လျော်ညီပါတယ်။ ထို့ပြင် သန်းခေါင်စာရင်းကရရှိတဲ့ အချက်အလက် တွေက ရွေးကောက်ပွဲအတွက် လိုအပ်တဲ့ လက်တွေ့ပြင်ဆင်မှုပိုင်း၊ စီမံရေးရာ ထောက်ပံ့မှုပိုင်း တွေမှာ အသုံးတည့်သလို မဲစာရင်းမှန်ကန်မှု ရှိမရှိကို စောင့်ကြည့်ထောက်ပြလို့ရမယ့် ထိန်းချုပ်မှု စနစ်တစ်ခုအနေနဲ့လည်း သုံးလို့ရပါတယ်။ သန်းခေါင်စာရင်းက ခရိုင်တစ်ခုချင်းစီမှာရှိတဲ့ မဲပေး နိုင်ခွင့်ရှိတဲ့ အသက်အရွယ်တွေရဲ့အရေအတွက်ကို ဖော်ပြထားမှာဖြစ်ပါတယ်။ ဒီအရေအတွက် တွေဟာ မဲစာရင်းမှာပါတဲ့ မဲပေးပိုင်ခွင့်ရှိတဲ့ လူဦးရေနဲ့တော့ တထပ်တည်းကျမှာ မဟုတ်ပေမယ့် မဲစာရင်းပါ လူဦးရေအရေအတွက်သည် အမှန်ဖြစ်နိုင်ချေ ရှိ၊ မရှိ ဆိုတာကို မှန်းဆကြည့်ဖို့ သန်းခေါင် စာရင်းပါ အသက်အုပ်စုလူဦးရေကို သီးခြားလွတ်လပ်တဲ့ အညွှန်းကိန်းတစ်ခုအနေနဲ့ အသုံးပြုနိုင် ပါတယ်။ ရွေးကောက်ပွဲတွေမှာ မသမာမှု မဖြစ်အောင် (သို့) ဖြစ်ခဲ့လျှင်လည်း ထောက်ပြနိုင်အောင် အရေးကြီးတဲ့ တိုင်းတာမှုတစ်ခုအဖြစ် အသုံးပြုနိုင်ပါတယ်။

ထိုနည်းတူ သန်းခေါင်စာရင်းမှ ရွေးကောက်ပွဲကော်မရှင်များနှင့် နိုင်ငံရေးပါတီများအတွက် ခရိုင် အလိုက် မဲပေးခွင့်အသက်အရွယ်ရှိ လူဦးရေစာရင်းကို ခန့်မှန်းရရှိ နိုင်ပါတယ်။ ဒါကို ရရှိခြင်းဖြင့် မဲဆန္ဒနယ် တစ်ခုချင်းစီမှာ လိုအပ်တဲ့မဲရုံအရေအတွက် တည်ဆောက်ဖို့တွေ၊ မဲလာပေးတဲ့နေ့မှာ လူတွေအတွက် လုံလောက်တဲ့အဆောက်အအုံနေရာ စီစဉ်ထားမှုတွေ စတဲ့ လိုအပ်တဲ့ဆုံးဖြတ်ချက် တွေ ချမှတ်ဖို့ရာ ပံ့ပိုးပါတယ်။ နိုင်ငံရေး ပါတီတွေအနေနဲ့လည်း ပါတီကိုယ်စားလှယ် ဘယ်နယောက် ကို မဲရေတွက်တဲ့နေရာမှာ တာဝန်ချထားပေးဖို့ဆိုတာတွေနှင့် လိုအပ်တဲ့ သင်တန်းတွေပေးပြီး ရွေးကောက်ပွဲဖြစ်မြောက်ရေးပိုင်းတွေမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့ ကြိုတင်တွက်ချက်ဆောင်ရွက်ဖို့ အဆုံးအဖြတ်တွေပါ လုပ်ဆောင်နိုင်ပါတယ်။

သန်းခေါင်စာရင်းကောက်ယူမှုကို ရွှေ့ဆိုင်းမည်ဆိုပါက အထက်မှာဖော်ပြခဲ့တဲ့ အစီအစဉ်များ အားလုံးကို အချိန်ပြင်ဆင်ရွှေ့ဆိုင်းခြင်းနှင့် ရွေးကောက်ပွဲအတွက် အဖိုးတန်အကျိုးရှိသော ပြင်ဆင် မှုများနှင့် အရည်အသွေးထိန်းချုပ်မှုပိုင်းဆိုင်ရာဆောင်ရွက်ချက်များကို လုပ်ကိုင်နိုင်ရန် အကန့် အသတ်ရှိခြင်းတို့အပြင် အစိုးရသစ်အနေဖြင့် ခိုင်မာမှုမရှိသော သတင်းအချက်အလက်အပေါ် အခြေခံ၍ ဆုံးဖြတ်ချက်များ ချမှတ်နေရ ပါလိမ့်မယ်။ ဒါတွေအားလုံးကို ထည့်သွင်းစဉ်းစားပြီး ၂၀၁၄

ခုနှစ်မှာသန်းခေါင်စာရင်းကောက်ယူဖို့နဲ့ ဘေးထွက်ဆိုးကျိုးများ ကာကွယ်လျှော့ချဖို့ အတွက် အစီအစဉ်များလည်း ထည့်သွင်း ဆောင်ရွက်သွားဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။

ဘေးထွက်ဆိုးကျိုးများ လျှော့ချရေးနှင့်ပတ်သက်လို့ အခြားသော ကြိုတင်ဆောင်ရွက်ချက်များကို ဥပမာပြရလျှင် ၂၀၁၃ နှစ်လယ်ပိုင်း လောက်ကစပြီး နိုင်ငံရေးပါတီများ၊ အစိုးရမဟုတ်သော အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ပါတယ်။ နေပြည်တော်မှာ သန်းခေါင်စာရင်းအကြောင်း မိတ်ဆက်ပွဲ ပြုလုပ်ပြီးသည့်နောက် ၂၀၁၄ ခုနှစ် မတ်လ (၂) ရက်နေ့မှာ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ တိုင်းရင်းသားခေါင်းဆောင် စုစုပေါင်း (၁၂၆) ဦးနဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး တွေ့ဆုံပြီး သန်းခေါင်စာရင်း ကောက်ယူမှုအတွက် နောက်ဆုံးပြင်ဆင်နေမှုများကို ဆွေးနွေးခဲ့ကြပါတယ်။ ဤအဖွဲ့အများစုအနက် အချို့အဖွဲ့များမှာ ငြိမ်းချမ်းရေး သဘောတူညီမှု မရရှိသေးသော်လည်း သန်းခေါင်စာရင်း ကောက်ယူမှုအတွက် ကူညီပူးပေါင်းပါဝင်ရန် သဘောတူခဲ့ကြပါတယ်။ ယင်းအဖွဲ့များမှ စာရင်းကောက်များ စိစစ်ရွေးချယ်ပြီး မိမိတို့ဒေသတွင် ဆောင်ရွက်ရန် သို့မဟုတ် ကိုယ်တိုင်စာရင်းကောက်ယူရန်နှင့် စာရင်းကောက်ယူပြီး သန်းခေါင်စာရင်း မေးခွန်းပုံစံများကို ပြန်လည်ပို့ဆောင်ပေးခြင်းများတွင် ပါဝင်ခဲ့ကြပါတယ်။ သန်းခေါင်စာရင်းကြောင့် ပဋိပက္ခအငြင်းပွားမှုများ မဖြစ်ပေါ်ခဲ့ရုံမျှမက အဖွဲ့အစည်းများကြားတွင် ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ထိရောက်သောပူးပေါင်းမှုများကို ဖြစ်ပေါ်လာစေသော အခွင့်အလမ်းများပင် ရရှိခဲ့ပါတယ်။

၆။ သန်းခေါင်စာရင်းက ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းတို့ကို မည်သို့ တိုးတက်ကောင်းမွန်စေနိုင်ပါသလဲ။

၂၀၁၄ လူဦးရေနှင့် အိမ်အကြောင်း သန်းခေါင်စာရင်းက အမျိုးသားအဆင့် စာရင်းအင်းစနစ်တစ်ခု ဖြစ်ထွန်းလာဖို့အတွက် အခြေခံအုတ်မြစ် ချပေးပါတယ်။ နောက်ဆုံးလူဦးရေ သန်းခေါင်စာရင်းမှ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ကျန်းမာရေး၊ ပညာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ အခြေခံအဆောက်အအုံနှင့် အခြားလူမှုရေးဝန်ဆောင်မှုများအတွက် အခြေခံ အချက်အလက်များ ပံ့ပိုးပေးပါတယ်။

ဥပမာ - စမ်းသပ်သန်းခေါင်စာရင်းမှ မြန်မာနိုင်ငံတွင် အရေးကြီးသော လူဦးရေအသွင်ပြောင်းလဲမှု ပုံစံများ ရှိနေကြောင်း တွေ့ရှိခဲ့ပါတယ်။ လူဦးရေ ပိရမစ်၏ အောက်ခြေပိုင်းတွင် ပြန့်ကားနေခြင်းမျိုး မရှိတော့ဘဲ ကျဉ်းမြောင်းလာသည်ကို ပုံမှာ တွေ့ရမှာ ဖြစ်ပါတယ်။ ဆိုလိုသည်မှာ အသက်အုပ်စု ၁၅-၁၉ နှစ် အောက်ဘက်ရှိ အသက်အုပ်စုများသည် အခြားအသက်အုပ်စုများထက် သေးငယ်လာတာကို ဆိုလိုတာ ဖြစ်ပါတယ်။ ယင်းသို့ဖြစ်ရခြင်းမှာ မိသားစုများတွင် ကလေးအရေအတွက် နည်းပါးလာခြင်းနှင့် လူဦးရေတိုးနှုန်းမှာ လွန်ခဲ့သော (၁၅) နှစ်ခန့်ကနှင့်စာလျှင် ကျဆင်းလာခြင်းကြောင့် ဖြစ်ပါတယ်။ ဤအခြေအနေကို စမ်းသပ်သန်းခေါင်စာရင်း၏ ဇယား (၁) နှင့် (၂) တွင် နှစ်အလိုက် နှိုင်းယှဉ်ဖော်ပြထားသော ကလေးမွေးဖွားမှု အရေအတွက်များက ဖော်ပြနေပါတယ်။ ယခုလက်ရှိ ၁၅-၂၉ နှစ် အသက်အုပ်စုမှာပေါ်လွင်စွာ "ထုံးကဲ" ပေါ်ထွက်နေကြောင်းတွေ့ရပြီးယင်းအချက်ကစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်ရန်နှင့် ကဏ္ဍအသီးသီးတွင် ညှိနှိုင်းပေးရန်နှင့် ရင်းနှီးမြှုပ်နှံရန် တောင်းဆို

Figure 1: Population Pyramid- 2007 Fertility and Reproductive Health Survey **Population Pyramid- Pilot Census 2013**





နေပါတယ်။ "ထူးကဲ" ထိုးထွက်နေသော ၁၅-၂၉ နှစ် အရွယ်များသည် အလုပ်လုပ်ကိုင်နေသော အသက်အရွယ်များတွင် ရောက်ရှိနေ၍ မှီခိုသူအချိုး (မှီခိုသူလူဦးရေနှင့် အလုပ်လုပ်ကိုင်သော အရွယ် လူဦးရေအချိုးအစား) လျော့နည်းလာပါတယ်။ ဆိုလိုသည်မှာ လုပ်သားအင်အားတွင် ပါဝင်သော လူတစ်ယောက်ချင်းစီတွင် ယင်းတို့အပေါ် မှီခိုနေသော လူအရေအတွက် နည်းသွားကြောင်း ဖော်ပြခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ဤလူဦးရေ အသွင်ပြောင်းလဲမှုပုံစံသည် စားသုံးသူလိုအပ်ချက်အလိုက် စီးပွားရေးထုတ်လုပ်မှုနှင့် စုဆောင်းမှုအတွက် အခြေအနေတစ်ခုကို ဖြစ်ပေါ် လာစေပါတယ်။ ဤဖြစ်စဉ်ကိုလူဦးရေဆုလာဘ် (demographic bonus) ဟုခေါ်ပါတယ်။ စီးပွားရေးတိုးတက်မှုအရှိန်အဟုန်တွင် demographic bonus ၏ အကျိုးဆက်များကို ဖော်ပြထားသော သက်သေသာဓကပေါင်းများစွာရှိပါတယ်။ သို့သော် demographic bonus ၏ အကျိုးကျေးဇူးများကို လုပ်သားအင်အားကို အကျိုးပြုစေသော လူ့စွမ်းအားအရင်းအမြစ်များကို ပံ့ပိုးပေးခြင်း၊ ထုတ်လုပ်မှုမြင့်မားစေသော ဗဟုသုတနှင့် အရည်အသွေးများ ဖြည့်ဆည်းပေးခြင်း စသည်တို့ကို ပြည်သူ့ရေးရာမူဝါဒများတွင် ထည့်သွင်းအကောင်အထည်ဖော်မှ အပြည့်အဝ ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။ တပြိုင်နက်ထဲမှာပင် တိုးပွားလာသော အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိ လူဦးရေအုပ်စုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးဖို့လည်း လိုအပ်ပါတယ်။ ပြည့်စုံသော မူဝါဒများကို အချိန်နှင့်တစ်ပြေးညီ ချမှတ်နိုင်ရန်အတွက် သန်းခေါင်စာရင်းမှ ရရှိလာမည့် အချက်များမှာ မရှိမဖြစ်လိုအပ်ပါတယ်။ သို့မှသာ ထိုအခွင့်အလမ်းမှ ရရှိလာမည့် အကျိုးကျေးဇူးများကို အများဆုံးခံစားနိုင်မည် ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်လည်း (demographic bonus) မှ ရရှိလာမည့် အကျိုးဖြစ်ထွန်းမှုများကို အမြင့်ဆုံးမြှင့်တင်နိုင်မည့် မူဝါဒများကို မဆိုင်းမတွ စတင်ရန်လိုအပ်ပါတယ်။ အမှန်မှာ မွေးဖွားနှုန်းများ စတင်ကျဆင်းခဲ့သည့် လွန်ခဲ့သော (၁၀) ခန့် ကတည်းက စတင်ခဲ့သင့်သော်လည်း ခိုင်မာသော အချက်အလက်များမရှိသဖြင့် မူဝါဒများချမှတ်ရန် လိုအပ်သော ဆန်းစစ်လေ့လာမှုများ စောင့်ကြည့်လေ့လာမှုများကို မပြုလုပ်နိုင်ခဲ့ပေ။

သန်းခေါင်စာရင်းရလာဒ်နှင့် ပတ်သက်သော မေးခွန်းများ

၇။ အချက်အလက်တွေ ထုတ်ပြန်ကြေငြာဖို့ ဘယ်လောက်သေချာလဲ?

အစိုးရမှ သန်းခေါင်စာရင်း အချက်အလက်များကို အပိုင်းသုံးပိုင်းခွဲပြီး ထုတ်ပြန်ကြေငြာသွားမယ်လို့ အာမခံထားပါတယ်။ ရှေ့ပြေးအစီရင်ခံစာကို ဩဂုတ်လ ၂၀၁၄ မှာ သတ်မှတ်ခဲ့တဲ့ အချိန်အတိုင်း ထုတ်ပြန်ပြီးဖြစ်ပြီး ပင်မအစီရင်ခံစာကို မေလ ၂၀၁၅ မှာ ထုတ်ပြန်သွားဖို့နှင့် ဆန်းစစ်လေ့လာမှုများ ပြုလုပ်ရန် လိုအပ်တဲ့ အချက်အလက်တွေကိုတော့ ၂၀၁၅ နှစ်ကုန်ပိုင်း (သို့) ၂၀၁၆ နှစ်ကုန်ပိုင်း လောက်မှာ ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတကာအကြံပေးအဖွဲ့မှ ပညာရှင်များကလည်း ဒီလုပ်ငန်းစဉ် တစ်ခုလုံးမှာ ကူညီပံ့ပိုးနေပါတယ်။ ယခုလက်ရှိ နိုဝင်ဘာလ ၂၀၁၄ အထိ သန်းခေါင် စာရင်း လုပ်ငန်းစဉ်ကြီးတစ်ခုလုံးဟာ သတ်မှတ်အချိန်ဇယားနှင့်အညီ အချိန်မီ ပြီးစီးနေပါတယ်။

၈။ သန်းခေါင်စာရင်း အချက်အလက်များမှ ထိခိုက်လွယ်သော အုပ်စုများကို ကာကွယ်ပေးနိုင်ပါသလား?

သန်းခေါင်စာရင်းမှ ရရှိလာတဲ့ လူနေမှုဘဝနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်များဟာ လူမှု အသိုင်းဝိုင်းများထဲမှ ဘေးဖယ်ခံထားရတဲ့ အုပ်စုတွေရော၊ လိုအပ်ချက်တွေအများဆုံးဖြစ်တဲ့ အုပ်စု တွေအတွက်ပါ အကာအကွယ်ပေးဖို့ ကူညီမှုတွေရနိုင်ပါတယ်။ ပထဝီအနေအထားအလိုက် မညီမျှမှု တွေအပြင် လူမှုရေးနှင့် စီးပွားရေး ကွာဟမှုတွေကိုလည်း ရရှိနိုင်မှာ ဖြစ်ပါတယ်။ သန်းခေါင်စာရင်းက ရရှိလာတဲ့ အချက်အလက်တွေဟာ ဘယ်သူဘယ်ဝါက ဖြေကြားလိုက်တယ်ဆိုတဲ့ အမည်နာမကို သိရှိနိုင်တာမျိုးမဟုတ်ပါဘူး။ အဲ့ဒါကြောင့် လူတစ်ဦးတစ်ယောက်ကို ကာကွယ်ဖို့ဆိုတာမျိုး မဖြစ်နိုင် ပါဘူး။ ဒါပေမယ့် ဒီလိုမျိုးလူ့အဖွဲ့အစည်း တစ်စုအတွက်သော်လည်းကောင်း၊ အလားတူ အဖွဲ့အစည်း

မျိုးပေါင်းများစွာအတွက် သော်လည်းကောင်း မတူညီတဲ့ ကွာဟမှုတွေ ရှိနေတယ်ဆိုတဲ့ အချက်အလက်တွေကိုတော့ ဖော်ညွှန်းပြသနိုင်မှာ ဖြစ်ပါတယ်။ တကယ်လို့များ အဲ့လိုနေရာဒေသမျိုးမှာ နေထိုင်နေတဲ့ ဒေသခံတွေအတွက် ဆိုးကျိုးသက်ရောက်စေနိုင်တဲ့ စီမံကိန်းလိုမျိုး အကောင်အထည်ဖော်ဖို့ ကြိုးစားမှုမျိုးတွေနဲ့ ကြုံရတာမျိုးရှိခဲ့ရင် သန်းခေါင်စာရင်းအချက်အလက်များမှ လူဦးရေ ဘယ်နှစ်ဦး ထိခိုက်နစ်နာမယ် ဆိုတာမျိုးကို ဖော်ပြနိုင်မှာ ဖြစ်ပါတယ်။ အဲဒီ ဗဟုသုတတွေနဲ့ လိုအပ်တဲ့ ကာကွယ်မှုမျိုးပေးဖို့ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ပြင်ဆင်ပံ့ပိုးနိုင်မှာ ဖြစ်ပါတယ်။

၉။ အိမ်ထောင်စုအလိုက် စီးပွားရေးအခြေအနေတွေကိုပြတဲ့ အချက်အလက်တွေကို ဘယ်လိုသုံးမှာလဲ ?

သန်းခေါင်စာရင်းအဖြေတွေက မည်သူမည်ဝါဆိုတာ မသိနိုင်တာဖြစ်လို့ အဲဒီ ဖြေဆိုလိုက်တဲ့သူရဲ့ နောက်ကို ဘယ်လို အကျိုးဆက်မှ မလိုက်လာနိုင်ပါ။ အိမ်ထောင်စုတွေရဲ့ စီးပွားရေးအခြေအနေ အချက်အလက်တွေကို သိခြင်းဖြင့် အဲဒီပတ်ဝန်းကျင်မှာရှိတဲ့ အခြေခံအဆောက်အဦတွေ၊ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ ဆက်နွယ်တဲ့ အချက်အလက်တွေကို သိရှိနိုင်မှာပါ။ ဘယ်လို လူမှုဝန်ဆောင်မှုလုပ်ငန်းတွေ ရှိနေတယ်ဆိုတာက လူတွေရဲ့ နေထိုင်မှုအခြေအနေ မြင့်မားမှုကို သိနိုင်မှာ ဖြစ်ပါတယ်။ ဆင်းရဲမှုလျှော့ချရေးအတွက် ရည်ရွယ်တဲ့မူဝါဒတွေကို ချမှတ်ပြီး ဝန်ဆောင်မှု လုပ်ငန်းတွေကို မြှင့်တင်နိုင်သလို လူတွေရဲ့ အခြေခံ လိုအပ်ချက်တွေကို ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ဖို့ စီမံနိုင်မှာ ဖြစ်ပါတယ်။

၁၀။ သန်းခေါင်စာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကဒ်ပြား ဆက်စပ်မှုရှိပါသလား ?

ဘယ်လို ဆက်စပ်မှုမျှ မရှိပါ။ သန်းခေါင်စာရင်းက ဘယ်သူဘယ်ဝါမှန်း ဘယ်လိုမှ မသိနိုင်တာဖြစ်လို့ လူတစ်ဦးတစ်ယောက်နှင့် ဆက်စပ်လို့ မရပါဘူး။

၁၁။ သန်းခေါင်စာရင်းအချက်အလက်များအားလုံး ပြုစုပြီးပြီဆိုရင် ဘယ်တော့လောက် ထုတ်ပြန်မှာလဲ ?

ရှေ့ပြေးအစီရင်ခံစာကို ဩဂုတ်လ ၂၀၁၄ မှာ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအစီရင်ခံစာမှာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အလိုက် ကျားမ အရေအတွက်တွေကို ဖော်ပြပါရှိပါတယ်။ ဒီအချက်အလက်တွေကို စာရင်းကောက်များနှင့် စာရင်းစစ်များမှ ပြုစုထားတဲ့ ကောက်ကွက်စာရင်းချုပ်များမှ ရရှိတာဖြစ်ပါတယ်။

ဒုတိယအစီရင်ခံစာကိုတော့ ၂၀၁၅ မေလ (သို့) ဇွန်လမှာ ထုတ်ပြန်မှာဖြစ်ပြီး အဲဒီထုတ်ပြန်ချက်မှာ ပါဝင်တဲ့ သတင်းအချက်အလက်တွေကတော့ လူဦးရေ၊ အသက်၊ ကျားမ ရေးရာ၊ ကျန်းမာရေး၊ ပညာရေး၊ မသန်စွမ်းမှု၊ နေအိမ်အခြေအနေနှင့် အခြားသောလူဦးရေနှင့် လူနေမှုဆိုင်ရာအညွှန်းများ ဖြစ်ပါတယ်။

၁၂။ ၂၀၁၅ မေလ (သို့) ဇွန်လ၊ ဒုတိယထုတ်ပြန်ချက်များ ထုတ်ပြန်တဲ့အခါမှာ အချို့အချက်အလက်တွေကို ဘာကြောင့် မထုတ်ပြန်နိုင်သေးတာလဲ? မေးခွန်းပုံစံတွေကို ကွန်ပျူတာပုံရိပ် (scan) ဖတ်တယ်ဆိုပြီး ဘာလို့ အချက်အလက်တွေကို မထုတ်ပြန်နိုင်တာလဲ?

မေးခွန်းပုံစံပေါ်က အချို့အဖြေတွေဟာ လက်နဲ့ချရေးထားတဲ့ အချက်အလက်တွေဖြစ်ပြီးတော့ ကွန်ပျူတာကနေ တိုက်ရိုက် မဖတ်နိုင်ပါဘူး။ အဲဒီအချက်အလက်တွေကတော့ ကုဒ်နံပါတ်ပြန်ပေးဖို့ လိုအပ်တဲ့အလုပ်အကိုင်နှင့် လုပ်ငန်းအမျိုးအစားအချက်တွေဖြစ်ပါတယ်။ ကွန်ပျူတာ အော်ပရေတာတွေက အဲဒီအချက်အလက်တွေကို ကွန်ပျူတာမှာ ရေးသွင်းရမှာ ဖြစ်တဲ့အတွက် ဒါဟာ အချိန်ကြာမြင့်မဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ အဲဒီအချက်အလက်တွေကို ၂၀၁၅ နှစ်ကုန်ပိုင်း/၂၀၁၆ နှစ်စလောက်မှာမှ ထုတ်ပြန်ဖို့ အဆင်သင့်ဖြစ်မယ်လို့ မျှော်လင့်ထားပါတယ်။

၁၃။ နိုင်ငံခြားမှာနေထိုင်တဲ့ အိမ်ထောင်စုဝင်တွေအတွက် မေးခွန်းတစ်ခု ပါဝင်ပါတယ်။ အဲဒီအချက်အလက်တွေကို ဘယ်လိုအသုံးချမလဲ?

အိမ်ထောင်စုဝင်တွေဟာ သန်းခေါင်စာရင်းကောက်တဲ့ရက်မှာ နိုင်ငံအတွင်းမှာမရှိရင် သန်းခေါင်စာရင်း လူဦးရေမှာ ထည့်သွင်းမရေတွက်ပါဘူး ဘာကြောင့်လဲဆိုတော့ သန်းခေါင်စာရင်း ရည်ညွှန်းချိန်မှာ မြန်မာနိုင်ငံ နယ်နိမိတ်ထဲမှာ ရှိနေသူတွေကိုပဲ သန်းခေါင်စာရင်းကောက်ပါတယ်။ ပုံမှန်အားဖြင့် နိုင်ငံတွေဟာ နိုင်ငံခြားမှာ သူတို့နိုင်ငံသားတွေ ဘယ်လောက်ရှိတယ်ဆိုတာကို သိခြင်းအားဖြင့် တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ အရင်းအမြစ်တွေကို သိနိုင်တဲ့အတွက် ကြောင့်စိတ်ဝင်စားလေ့ရှိပါတယ်။ နိုင်ငံတကာကုန်သွယ်မှုအတွက် ကွန်ယက်များ (သို့) နောင်တစ်ချိန်မှာ နိုင်ငံအတွက် လိုအပ်လာမယ့် အရည်အသွေးပြည့်မီတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေအဖြစ် ပြန်လာနိုင်ဖို့ စတဲ့ တွက်ချက်မှုတွေ ပြုလုပ်နိုင်ပါတယ်။

၁၄။ တိကျတဲ့ အချက်အလက် ရလာဒ်တွေလို့ ဘယ်လိုကျိန်းသေပြောနိုင်လဲ?

သန်းခေါင်စာရင်းလုပ်ငန်းစဉ်မှာ အရည်အသွေးထိန်းချုပ်မှုပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ အများကြီး ပါဝင်ပါတယ်။ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုကတော့ စာရင်းကောက်တစ်ယောက် တာဝန်ယူရတဲ့ ကောက်ကွက်အဆင့်ထိ တိကျသေချာတဲ့ မြေပုံတွေ လိုအပ်ပါတယ်။ အဲဒီကောက်ကွက်တစ်ခုချင်းဆီမှာ အိမ်ထောင်စု ၁၀၀- ၁၅၀ ကြား ပါဝင်ပြီး တစ်ချို့ ဝေးလံခေါင်ဖျားဒေသတွေမှာတော့ အရေအတွက် လျော့နည်းပါတယ်။ ထိုကဲ့သို့ ကောက်ကွက်များခွဲရာတွင် ပိုလည်းမပို လိုလည်းမလိုစေပဲ အိမ်ထောင်စုတစ်စုကို နှစ်ခါထပ်မရေမိအောင် (သို့) မရေတွက်ပဲ ကျန်ခဲ့တာမျိုး မဖြစ်အောင် တိကျစွာ ပြုစုရပါတယ်။

နောက်တစ်ဆင့်မှာတော့ အားကိုးစိတ်ချရတဲ့ စာရင်းကောက်များ ဖြစ်လာစေဖို့ လေ့ကျင့်သင်တန်းပေးရပါတယ်။ ဒီလို ရွေးချယ်ရာမှာ ဒေသခံဖြစ်ပြီး စာရင်းကောက်ယူမည့်ဒေသ၏ ဓလေ့ထုံးစံ ဘာသာစကားတွေနှင့် နားလည်ပြောဆိုနိုင်သည့် လူဖြစ်ရပါမယ်။ စာရင်းကောက်တွေကို မေးခွန်း

ပုံစံမှာပါတဲ့ မေးခွန်းတွေကို သေချာနားလည်အောင်သင်ပေးခြင်း၊ ကိုယ့်ရဲ့ မေးခွန်းကို ဖြေကြားသူတွေ နားလည်မလည် အကဲခတ်ခြင်းနှင့် ထိုမေးခွန်းကိုပဲ သူတို့နားလည်အောင် ပုံစံတစ်မျိုးဖြင့် မေးခြင်း စသည်တို့ကို သင်ပေးပါတယ်။ စာရင်းစစ်တွေကတော့ စာရင်းကောက်တွေ ကောက်ယူထားတဲ့ မေးခွန်းတွေပေါ်က အမှားတွေကို ပြန်စစ်ပြီး ချက်ချင်းပြင်ဆင်မှုတွေ လုပ်ရပါတယ်။ သန်းခေါင်စာရင်း ကော်မတီတွေကလည်း သန်းခေါင်စာရင်းနှင့်ပတ်သက်ပြီး ပြည်သူတွေမှန်မှန်ကန်ကန် နားလည်စေရန် လူထုဆက်သွယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ရပြီး စီမံရေးရာ ထောက်ပံ့မှုများကိုလည်း တာဝန်ယူရပါတယ်။ အရည်အသွေးပြည့်မီသော သန်းခေါင်စာရင်းကောင်းတစ်ခုဖြစ်ရန် ထိုသန်းခေါင်စာရင်းကြီး တစ်ခုလုံးတွင်ပါဝင်တဲ့ ကြိုတင်ပြင်ဆင်မှုစီမံမှုနှင့် စီမံရေးရာထောက်ပံ့မှု အပိုင်းတွေရဲ့ အရည်အသွေး ဘယ်လောက်ကောင်းတယ် ဆိုတာက ဆုံးဖြတ်ပေးပါတယ်။ ဆိုလိုတာကတော့ မေးခွန်းပုံစံ ပြင်ဆင်ခြင်းကစပြီး စာရင်းကောက်များနှင့် သန်းခေါင်စာရင်းတွင် ပါဝင်သူများအား သင်တန်းပေးခြင်း၊ မြေပုံရေးဆွဲခြင်း၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်း (ဧပြီလ ၂၀၁၃ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်း) အင်တာဗျူးမေးမြန်းခြင်းနှင့် နောက်ဆုံး စာရင်းဇယားပြုစုခြင်း စသည်တို့ပါဝင်ပါတယ်။ စမ်းသပ်သန်းခေါင်စာရင်းမှ တွေ့ရှိချက်များကို ဆန်းစစ်သုံးသပ်ပြီး မေးခွန်းပုံစံပြင်ဆင်ခြင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် စာရင်းဇယားပြုစုခြင်း စသည်တို့ကို ပိုမိုကောင်းမွန်စေရန် ညှိနှိုင်း ပြင်ဆင်မှုများကို ပြုလုပ်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ပုံ အဆင့်တိုင်းမှာ ဝါရင့်နိုင်ငံတကာ ပညာရှင်များမှ လမ်းညွှန်မှုများပေးခြင်း၊ စီစဉ်ဆောင်ရွက်နေမှုများနှင့် အကောင်အထည်ဖေါ်မှုများ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ညီမညီ ဆန်းစစ်လေ့လာမှုပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပါတယ်။ အစိုးရရဲ့ တောင်းဆိုမှုအတိုင်း ၂၀၁၃ နှစ်ဆန်းပိုင်းမှာ နိုင်ငံတကာ နည်းပညာအကြံပေးအဖွဲ့ (ITAB) ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒီအဖွဲ့မှာ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင် (၁၅) ဦးပါဝင်ပါတယ်။ ITAB ရဲ့အဓိကအလုပ်ကတော့ သန်းခေါင်စာရင်းနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရဟာ အဓိကတာဝန်ရှိသူဖြစ်တယ်ဆိုတာကို အပြည့်အဝ အသိအမှတ်ပြုထားပြီး သန်းခေါင်စာရင်းဆောင်ရွက်ချက်တွေမှာ အကြံပြု စောင့်ကြည့်ဖို့ ဖြစ်ပါတယ်။ ITAB က သန်းခေါင်စာရင်းရဲ့ အဆင့်တိုင်းမှာ ကြီးကြပ်မှု ပေးပါတယ်။ ITAB အဖွဲ့ဝင်တွေက သင်တန်းလက်စွဲစာအုပ်များ ၊ သင်ထောက်ကူပစ္စည်းများ၊ မြေပုံလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီအောင် ပြန်လည်သုံးသပ်ခဲ့ပါတယ်။

ပြည်တွင်းပြည်ပမှ လေ့လာသူ (၄၆) ဦးပါဝင်တဲ့ လေ့လာသူအဖွဲ့ကို သန်းခေါင်စာရင်းကောက်ယူစဉ်တလျှောက် မျက်မြင်ကွင်းဆင်းလေ့လာစေခဲ့ ပါတယ်။ လေ့လာသူများဟာ စာရင်းကောက်တွေရဲ့ မေးခွန်းပုံစံတွေ မေးမြန်းနေပုံ၊ ဘယ်လိုမေးခွန်းတွေ မေးတယ်ဆိုတာတွေကို လေ့လာစုစည်းပြီး မှတ်သား အစီရင်ခံခဲ့တယ်။ အဲဒီအစီရင်ခံစာကို အများပြည်သူ ဖတ်ရှုလို့ရအောင် ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

လက်ရှိ တွေ့ရှိသုံးသပ်ချက်တွေအရတော့ မြန်မာနိုင်ငံမှာ

လုပ်ဆောင်ခဲ့တဲ့ သန်းခေါင်စာရင်းဟာ နည်းမှန်လမ်းမှန် လုပ်ဆောင်ခဲ့ကြောင်းနှင့် ရရှိလာတဲ့ အရည်အသွေးဟာလည်း ကောင်းမွန်သင့်ကြောင်း ဖော်ပြထားပါတယ်။

နောက်ဆုံးအနေနဲ့ မေးခွန်းပုံစံပါ အချက်အလက်တွေ အားလုံး ပြုစုပြီးပါက သန်းခေါင်စာရင်း အချက်အလက်များကို အကဲဖြတ်ဆန်းစစ်မှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ပါဝင်သော အကြောင်းအရာများ ကျိုးကြောင်းဆီလျော်မှု ရှိမရှိကို ဆန်းစစ်လေ့လာပြီး အခြားရင်းမြစ်များမှ ရရှိနိုင်တဲ့ အချက်အလက်တွေနှင့် ပြန်လည် နှိုင်းယှဉ် စစ်ဆေးခြင်းများလည်း လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

၁၅။ ၂၀၁၅ ရွေးကောက်ပွဲမှာ မဲစာရင်းပြုလုပ်ဖို့အတွက် သန်းခေါင်စာရင်းအချက်အလက်တွေကို အသုံးချမှာလား?

အသုံးချလို့မရပါ။ မဲစာရင်းဟာ မဲပေးဖို့အရည်အသွေးပြည့်မီသူတွေကို ဖော်ပြထားတဲ့ စာရင်းဖြစ်ပါတယ်။ မည်သူမည်ဝါလည်းမသိရ၊ လျှို့ဝှက်စွာ ထားရှိရမဲ့ သန်းခေါင်စာရင်းက တစ်ဦးချင်း အချက်အလက်တွေနဲ့ မဲစာရင်းပြုစု၍ မရနိုင်ပါဘူး။ ဒါပေမဲ့လည်း သန်းခေါင်စာရင်း အချက်အလက်တွေက ရွေးကောက်ပွဲရဲ့ အရည်အသွေးကို ထိန်းချုပ်စောင့်ကြည့်ဖို့အတွက် အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲအတွက် များပြားလှတဲ့ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းတွေ (ဥပမာ - မဲရုံအရေအတွက်၊ မဲရုံတာဝန်ခံ အရေအတွက်) စတဲ့ နေရာတွေမှာ အကူအညီဖြစ်စေပါတယ်။

၁၆။ သန်းခေါင်စာရင်း အချက်အလက်တွေက အချိုးလိုက်ကိုယ်စားပြု မဲစနစ် (PR စနစ်) ဖြစ်ပေါ်လာဖို့အတွက် ထောက်ပံ့ပေးနိုင်လား?

မပေးနိုင်ပါဘူး။ PR မဲစနစ်မှာ ပါတီတွေက သူတို့အနိုင်ရရှိတဲ့ မဲအရေအတွက်အချိုးပေါ် မူတည်ပြီး ကိုယ်စားလှယ်တွက်ချက်ရတာဖြစ်ပြီး ဒေသတစ်ခုမှာနေထိုင်တဲ့ လူဦးရေအချိုးနဲ့ တွက်ချက်တာ မဟုတ်လို့ သန်းခေါင်စာရင်းနဲ့ မဆက်စပ်ပါဘူး။ သန်းခေါင်စာရင်း အချက်အလက်တွေဟာ နိုင်ငံတစ်ခုက ဆုံးဖြတ်လိုက်တဲ့ လွှတ်တော်ထဲမှာ ဘယ်လိုမဲစနစ်ကိုပဲ ကျင့်သုံးကျင့်သုံး၊ ဘက်လိုက်ပံ့ပိုးလို့ရမှာ မဟုတ်ပါဘူး။

၁၇။ ၂၀၁၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် လူထုဆန္ဒခံယူပွဲ ပြုလုပ်ချိန်တွင် စုစုပေါင်းလူဦးရေ (၅၇) သန်းခန့် ရှိကြောင်းကြေငြာခဲ့ပါတယ်။ ယခု ၂၀၁၄ သန်းခေါင်စာရင်း ရှေ့ပြေးအစီရင်ခံစာအရ လူဦးရေဟာ (၅၁) သန်း ခန့်ပဲရှိတယ်။ အဲဒီ ခြားနားချက်ကို ဘယ်လိုရှင်းပြချင်ပါသလဲ?

ပြည်သူများ သိရှိနားလည်ထားဖို့ လိုအပ်တဲ့ အချက်တစ်ခုကတော့ ၂၀၁၄ သန်းခေါင်စာရင်း မတိုင်မီ ထုတ်ပြန်ခဲ့တဲ့ "စုစုပေါင်းလူဦးရေ" ဆိုတာဟာ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းပေါ်မှာအခြေခံပြီး ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်း နောက်ပိုင်းမှာ ပြောင်းလဲလာတဲ့ မွေးဖွားနှုန်း၊ သေဆုံးနှုန်း ပြောင်းရွှေ့သွားလာနှုန်းတွေကိုမှန်းဆတွက်ချက်ထားတဲ့ကိန်းဂဏန်းဖြစ်တယ်ဆိုတာပါကိုပဲ။ လူထုဆန္ဒခံယူပွဲမှ ထုတ်ပြန်တဲ့ တစ်ခုတည်းသော ကိန်းဂဏန်းကတော့ မဲပေးတဲ့လူဦးရေစာရင်းပဲ ဖြစ်တယ်။ အဲဒီ စာရင်းထဲမှာ နိုင်ငံခြားမှာရောက်ရှိနေထိုင်တဲ့ နိုင်ငံသားအရေအတွက်လဲ ပါဝင်တယ်။ အဲဒီအချိန်တုန်းက လူဦးရေ (၅၇) သန်းဆိုတာ ၁၉၈၃ ခုနှစ် လူဦးရေတိုးပွားနှုန်းကို အခြေခံပြီး ခန့်မှန်းထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ယခုကောက်ယူရရှိထားတဲ့ စမ်းသပ်သန်းခေါင်စာရင်းနှင့် အခြားသော စစ်တမ်းများရဲ့ တွေ့ရှိချက်များအရ လွန်ခဲ့သော (၁၅) နှစ်အတွင်းမှာ မိသားစုတွေမှာ သားသမီး အရေအတွက်လျော့နည်းလာတယ်ဆိုတာကိုပြသနေပါတယ်။ ဒါကိုလူဦးရေပိရမစ်မှာရှိတဲ့အသက်အငယ်ပိုင်း အုပ်စုတွေ လွန်ခဲ့တဲ့ (၁၅) နှစ် အတွင်း တစိုက်မတ်မတ် လျော့နည်းလာတာကို ကြည့်ခြင်းအားဖြင့် မြင်သာပါလိမ့်မယ်။ လူဦးရေတိုးနှုန်းက သိသာစွာကျဆင်းနေပါတယ်။ အဲဒါကြောင့် လူဦးရေတိုးနှုန်းက တသမတ်တည်း ရှိနေပါတယ်ဆိုတဲ့ ယူဆတွက်ချက်ထားမှုဟာ တကယ်ရှိတဲ့ လူဦးရေထက် ပိုများနေစေပါတယ်။

၂၀၁၅ မေလမှာ ပင်မအစီရင်ခံစာ ထွက်လာရင်တော့ ယခင်ခန့်မှန်း တွက်ချက်ထားတဲ့ လူဦးရေနဲ့ အမှန်တကယ်ရှိနေတဲ့လူဦးရေကွာခြားမှုကို အတိအကျသိနိုင်ပါလိမ့်မယ်။ သို့သော် ၂၀၁၄ သန်းခေါင်စာရင်း ရှေ့ပြေးအစီရင်ခံစာအရ အမှန်တကယ်လူဦးရေက ယခင်တသမတ်တည်း တိုးတက်နေတဲ့ လူဦးရေတိုးနှုန်းအပေါ်မှာ အခြေခံပြီး တွက်ချက်ထားတဲ့ လူဦးရေစာရင်းနှင့် ယှဉ်လျှင်သိသိသာသာ လျော့နည်းနေတာကို တွေ့ရပါလိမ့်မယ်။ လူထုဆန္ဒခံယူပွဲအနေနှင့် လူဦးရေစုစုပေါင်းကို ခန့်မှန်း ထုတ်ပြန်ထားတာ မဟုတ်ပါဘူး။ (ဒီတွက်ချက်မှုဟာ စောစောက ရှင်းပြခဲ့တဲ့အတိုင်း လူဦးရေတိုးနှုန်း အပေါ်မှာ အခြေခံတွက်ချက်ထားတာ ဖြစ်ပါတယ်။) လူထုဆန္ဒခံယူပွဲက မဲထည့်တဲ့သူ (နိုင်ငံခြားရောက် မြန်မာနိုင်ငံသားများအပါအဝင်) စာရင်းကိုသာ ပေးတာဖြစ်ပြီး သန်းခေါင်စာရင်းမှာတော့ နိုင်ငံခြားရောက်သူတွေကို ထည့်သွင်းကောက်ယူခြင်း မပြုပါဘူး။ ဘာလို့လဲဆိုတော့ သန်းခေါင်စာရင်းက နိုင်ငံရဲ့ နယ်နိမိတ်ထဲမှာရှိတဲ့သူတွေကိုသာ ကောက်ယူခြင်း ဖြစ်လို့ပါပဲ။

ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍများ

၁၈။ အချက်အလက် ထုတ်ပြန်ကြေငြာရာမှာ အမျိုးသမီးတွေပါဝင်မှု ရှိအောင် ဘယ်လိုလုပ်မလဲ?

သန်းခေါင်စာရင်းလုပ်ငန်းရဲ့ ကာလတစ်လျှောက်လုံးမှာ အမျိုးသမီးတွေဟာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့ပါတယ်။ စာရင်းကောက် အများစုဟာ အမျိုးသမီးတွေ ဖြစ်ပါတယ်။ အမျိုးသမီးလူမှုရေးအဖွဲ့စည်းများဟာလည်း အဆင့်တိုင်းမှာ ပါဝင်နေကြပြီး သန်းခေါင်စာရင်း ပြည်တွင်းအကြံပေးကော်မတီ (NAC) မှာလည်း အဖွဲ့ဝင်များအနေနဲ့ပါဝင်ကြပါတယ်။ အချက်အလက်တွေ ထုတ်ပြန်တဲ့အချိန်မှာ အမျိုးသမီးအဖွဲ့တွေအနေနဲ့ သန်းခေါင်စာရင်းရဲ့တန်ဖိုးကို လူအများသိရှိအောင် ဆက်သွယ်ဖြန့်ဖြူးကြဖို့ အရေးကြီးပါတယ်။ သူတို့အနေနှင့် သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုပြီး မူဝါဒပိုင်းဆိုင်ရာတွေမှာ အကြံပြုမှုတွေ ပြုလုပ်ဖို့လိုအပ်သလို ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များနဲ့ လူမှုရေးနဲ့ အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ကူညီဆောင်ရွက်သွားဖို့ အရေးကြီးပါတယ်။ သန်းခေါင်စာရင်းအချက်အလက်တွေဟာ အမျိုးသမီးတွေရဲ့ ကျန်းမာရေး၊ မွေးဖွားနှုန်း၊ ပညာရေးနဲ့ အလုပ်အကိုင် အခြေအနေအစရှိတဲ့ နိုင်ငံတွင်းက အမျိုးသမီးတွေရဲ့ အခြေအနေတွေကို ဖော်ထုတ်ပြသနိုင်ပါတယ်။

၁၉။ အရပ်ဘက် လူ့အဖွဲ့စည်းတွေကကော ဘယ်လို အခန်းကဏ္ဍက ပါဝင်နိုင်ပါသလဲ?

မိမိတို့ရပ်ရွာဒေသမှာ လူအများယုံကြည်လေးစားခြင်းရတဲ့ အရပ်ဖက်လူမှုအဖွဲ့စည်းများနဲ့ လူထုအခြေပြုအဖွဲ့အစည်းများက သန်းခေါင်းစာရင်းရဲ့ ရည်ရွယ်ချက်နဲ့ ပါဝင်တဲ့အချက်အလက်တွေကို သေသေချာချာရှင်းလင်းပေးတဲ့ အခန်းကဏ္ဍမှာ ပါဝင်နိုင်ပါတယ်။ တစ်ပြိုင်တည်းမှာပဲ ရပ်ရွာအခြေပြု အဖွဲ့စည်းတွေရဲ့လုပ်ငန်းတွေကို ပိုမိုကောင်းမွန်စွာလုပ်ဆောင်နိုင်ဘို့ သန်းခေါင်စာရင်းရဲ့ အချက်အလက်တွေက ကူညီပေးနိုင်ပါတယ်။ လိုအပ်ချက်အများဆုံးရှိနေတဲ့ နေရာတွေမှာ ဦးစားပေး လုပ်ကိုင်နိုင်ဖို့ အထောက်အကူပြုနိုင်မှာဖြစ်သလို သက်ဆိုင်ရာ အာဏာပိုင်တွေနဲ့ ဆွေးနွေးနှီးနှောဖို့အတွက် အရင်းအမြစ်ကောင်းတွေ ဖန်တီးပေးပါလိမ့်မယ်။

သန်းခေါင်စာရင်း မေးခွန်းမေးမြန်းခြင်း ဖြစ်စဉ်

၂၀။ စာရင်းကောက်က ကျွန်တော့်ကို မေးခွန်း (၄၁) ခုစလုံး ဘာလို့ မမေးတာလဲ?

သန်းခေါင်စာရင်းမေးခွန်းပုံစံထဲမှာပါတဲ့ တချို့မေးခွန်းတွေက အမျိုးသမီးတွေ ဒါမှမဟုတ် သတ်မှတ်ထားတဲ့ အသက်အပိုင်းအခြားရှိတဲ့ သူတွေကိုပဲ မေးမြန်းဘို့လိုအပ်တာဖြစ်ပါတယ်။ တချို့မေးခွန်းတွေကတော့ ဟုတ်တယ်၊ မဟုတ်ဘူး ဆိုတဲ့အဖြေအပေါ် မူတည်ပြီး ဆက်မေးဘို့ ဆုံးဖြတ်ရတာမျိုး ရှိပါတယ်။ ဆက်မေးဘို့မလိုရင် ကျော်သွားရတဲ့မေးခွန်းတွေ ရှိပါတယ်။ ဒါကြောင့် လူတော်တော်များများကို မေးခွန်း (၄၁) ခုစလုံး မမေးတာဖြစ်ပါတယ်။ ဥပမာ လွန်ခဲ့တဲ့ (၁၂)လအတွင်းက သေဆုံးခြင်းဆိုတဲ့မေးခွန်းမှာ ထပ်မေးမယ့်မေးခွန်းက အသက် (၁၅) နှစ်နဲ့ (၄၉) နှစ် အကြားရှိ အမျိုးသမီးတွေ ကလေးမွေးဖွားခြင်းကိစ္စနဲ့ ပတ်သက်ပြီး သေဆုံးတာလား ဆိုတာဖြစ်ပါတယ်။

၂၁။ ဘာသာရေးခေါင်းဆောင်တွေနဲ့ ဘုန်းကြီးတွေကို ဘယ်လို ရေတွက်လဲ?

မတ်လ (၂၉) ရက်ညသန်းခေါင်မှာ လူတိုင်းကို သူတို့ရောက်ရှိနေတဲ့နေရာမှာပဲ ပါဝင်ရေတွက်ပါတယ်။ ဘုန်းကြီးကျောင်း၊ စစ်တပ်နဲ့ အကျဉ်းထောင်တွေမှာတော့ တခြားသူတွေကိုမေးတဲ့ တချို့မေးခွန်းတွေကိုမေးလို့ မရပါ။ ဥပမာ- အိမ်မှာ အခန်းဘယ်နှစ်ခန်းရှိသလဲဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒါပေမယ့် လူတိုင်းကို မေးမြန်းဖို့ လိုအပ်တဲ့ မေးခွန်းတွေအားလုံး မေးမြန်းစာရင်းရယူပါတယ်။

၂၂။ ကျွန်တော်က အဆောင်မှာနေတယ်၊ အိမ်ကလူတွေက ကျွန်တော့်အတွက် ဖြေပြီးဖြစ်လို့ ကျွန်တော်က သန်းခေါင်စာရင်း အကောက်မခံတော့ဘူး ဆိုရင် မှန်ပါသလား။

လူတစ်ယောက်က နှစ်ခါအကောက်ခံရင် မှားပါတယ်။ သန်းခေါင်စာရင်းရဲ့ သတ်မှတ်ချက်တွေကတော့ ရှင်းပါတယ်။ လူတစ်ယောက်ဟာ အဲဒီညသန်းခေါင်မှာ သူရှိနေတဲ့နေရာမှာ စာရင်းဝင်ပါတယ်။ ဥပမာ သင်က သန်းခေါင်စာရင်းညမှာ အဆောင်မှာနေတယ်ဆိုပါတော့။ ဒါဆိုရင် အဆောင်နဲ့

ပတ်သက်တဲ့ သန်းခေါင်စာရင်းမေးခွန်း (အဖွဲ့အစည်းမေးခွန်းပုံစံ) နဲ့ အကောက်ခံဘို့ အကျုံးဝင်ပါတယ်၊ သင့်ရဲ့ မိသားစုရှိတဲ့ အိမ်မှာ အကောက်မခံရပါဘူး။ မိသားစုရှိတဲ့အိမ်ထောင်စုမှာ အကောက်ခံရင်တော့ နားလည်မှုလွဲသွားပြီး အမှားဖြစ်သွားပါတယ်။

ခုလိုနားလည်မှုလွဲတဲ့အမှားမျိုးက သန်းခေါင်စာရင်းတိုင်းမှာဖြစ်လေ့ဖြစ်ထရှိပါတယ်။ ဒါပေမဲ့ လူဦးရေသန်းပေါင်းများစွာကို စာရင်းကောက်တာ ဖြစ်တဲ့အတွက် ဒီလိုမှားယွင်းမှုတွေက သန်းခေါင်စာရင်းအချက်အလက်တွေရဲ့ အရည်အသွေးကို ထိခိုက်နိုင်လောက်အောင်တော့ ပြဿနာမရှိပါဘူး။

၂၃။ မိသားစုထဲမှာ မသန်စွမ်းသူတွေရှိသလဲ ဆိုတဲ့မေးခွန်းကိုဘာဖြစ်လို့မေးမြန်းပါသလဲ?

သန်းခေါင်စာရင်းကရရှိတဲ့ မသန်စွမ်းသူတွေရဲ့ အချက်အလက်တွေက မသန်စွမ်းသူတွေကို ကူညီစောင့်ရှောက်ဘို့အတွက် လူမှုရေးဆိုင်ရာ မူဝါဒတွေချမှတ်ရာမှာ အထောက်အကူပြုနိုင်ပါတယ်။

၂၄။ ကျွန်တော်တို့မိသားစုထဲမှာ မနှစ်က သေဆုံးတဲ့သူရှိလားလို့ ဘာဖြစ်လို့ မေးပါသလဲ?

အိမ်ထောင်စုတစ်ခုချင်းရဲ့ သေဆုံးမှုကိုသိခြင်းဖြင့် တစ်နိုင်ငံလုံးအတွက်နဲ့၊ ဒေသအသီးသီးမှာ သေဆုံးမှုနှုန်း ဘယ်လောက်ရှိသလဲ၊ ဘယ်လိုကွာခြားသလဲဆိုတာကို လူဦးရေပညာရှင်တွေက ခန့်မှန်းတွက်ချက်နိုင်မှာဖြစ်ပါတယ်။ ဒီအချက်အလက်တွေက ကျန်းမာရေးဆိုင်ရာမူဝါဒတွေအတွက် အရေးပါတယ်။ မြန်မာနိုင်ငံရဲ့ တချို့ဒေသတွေမှာ သေဆုံးမှုအကြောင်းအရာတွေကို မေးတာဟာ ယဉ်ကျေးမှုထုံးစံအရ အခက်အခဲတွေရှိနိုင်တဲ့အတွက် ရရှိလာတဲ့ အချက်အလက်တွေဟာ မပြည့်စုံမှုတွေ ဖြစ်နိုင်ပါတယ်။ လူဦးရေပညာရှင်တွေဟာ မပြည့်စုံတဲ့အချက်အလက်တွေကို အသုံးပြုပြီး ခန့်မှန်း တွက်ချက်ဖို့ လေ့ကျင့်သင်ကြားထားပြီးဖြစ်တဲ့အပြင် ဒီလိုမပြည့်စုံတဲ့ အချက်အလက်တွေကို ကိုင်တွယ်ဖြေရှင်းဖို့ နည်းလမ်းတွေလည်း ရှိပြီးဖြစ်တဲ့အတွက် သေဆုံးမှုနှုန်းကို မှန်ကန်အောင် တွက်ချက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ရရှိလာမယ့် အချက်အလက်တွေကတော့ ကိစ္စရပ်များစွာမှာ ဆုံးဖြတ်ချက်တွေချဖို့ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါတယ်။

၂၅။ ဘာကြောင့် စာရင်းကောက်သူတွေ အတော်များများဟာ ဆရာ/ဆရာမတွေဖြစ်နေတာလဲ? ဘယ်လို အချက်အလက်တွေနဲ့ ရွေးချယ်ခဲ့တာပါလဲ?

စာရင်းကောက်သူတွေဟာ ပညာအဆင့်အတန်းအသင့်အတင့်ရှိပြီး၊ စကားပြောဆိုဆက်သွယ်တတ်ရပါမယ်။ ဒီအချက်တွေက စာပေသင်ကြားနေတဲ့ ဆရာ/ဆရာမတွေမှာ ရှိပြီးသားဖြစ်ပါတယ်။ နောက်ပြီး မေးခွန်းတွေကို မှန်ကန်ပီသအောင် မေးမြန်းနိုင်ဖို့ လိုအပ်ပါတယ်၊ ပြီးတော့ ဘယ်မေးခွန်းက နားလည်မှုလွဲသွားတယ်၊ ပြန်မေးဖို့လိုတယ်ဆိုတာတွေကို သိနိုင်/ဆုံးဖြတ်နိုင်ရမယ်။ ကမ္ဘာတစ်ဝှမ်းကနိုင်ငံတော်တော်များများမှာ ဆရာ/ဆရာမတွေဟာ သန်းခေါင်စာရင်းကောက်ယူဘို့အတွက် ပထမဦးစားပေး ရွေးချယ်ခံခဲ့ရတဲ့သူတွေဖြစ်ပါတယ်။ နောက်ပြီးတော့ ဆရာ/ဆရာမတွေကို သူတို့ အလုပ်လုပ်တဲ့နေရာမှာရှိတဲ့ ဒေသခံတွေကသိကြတယ်၊ သူတို့ကိုယုံကြည်မှုလဲရှိကြတယ်၊ ပြီးတော့ သူတို့

ဟာ ဒေသခံတွေပြောတဲ့ ဘာသာစကားကိုလည်း ပြောဆိုနိုင်ကြတယ်။ ဒီအချက်တွေက အရည်အသွေးရှိတဲ့ အချက်အလက်တွေ ကောက်ယူရရှိဘို့အတွက် အများကြီး အထောက်အကူပြု ပါတယ်။

၂၆။ စာရင်းကောက်တွေက ခဲတံကို ဘာလို့သုံးတာလဲ? နောက်ပိုင်းမှာအဖြေတွေကို မပြင်ဘူး ဆိုတာကို ဘယ်လို အာမခံနိုင်ပါသလဲ?

တစ်ကမ္ဘာလုံးမှာ ခဲတံကိုသုံးတာပါ။ အချက်အလက်တွေကို ပုံရိပ်ဖမ်းတဲ့နည်းပညာက စာရင်းကောက်ပြီး မေးခွန်းပုံစံတွေသန့်ရှင်းဘို့လိုသလို ရှင်းရှင်း လင်းလင်းဖြည့်သွင်းထားမှ ဖတ်နိုင်ပါတယ်။ မေးမြန်းတဲ့အခါမှာ သတ်မှတ်ထားတဲ့အကွက်ထဲကို မှန်ကန်အောင်မရေးသွင်းတာ၊ အမှားရေးမိတာတွေ ဖြစ်တတ်ပါတယ်။ ဘောပင်သုံးပြီးမှားယွင်းဖြည့်သွင်းမိရင် စာရင်းကောက်တွေက ဖျက်ဖို့ အဆင်မပြေပါ။ မေးခွန်းစာရွက်အသစ်တွေနဲ့ အစကနေ ပြန်မေးလို့ရတယ်ဆိုပေမယ့် မေးခွန်းစာရွက်တွေက စျေးကြီးတော့ ဖြုန်းတီးရာရောက်တယ်။ စာရင်းကောက်တွေက သူတို့အလုပ်လုပ်တဲ့ နေရာက ဒေသခံတွေ ဖြစ်တဲ့အတွက် အဲဒီဒေသက ဒေသခံတွေ၊ သူတို့ရဲ့ ဘာသာစကားနဲ့ ယဉ်ကျေးမှုတွေကို ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်ပါတယ်။

ဒါ့အပြင် သတင်းအချက်အလက်တစ်ခုလုံးကို ထိခိုက်နိုင်လောက်အောင် ထင်ရှားတဲ့လွဲမှားမှုတွေကို သိရှိနိုင်တဲ့ စံနည်းလမ်းတွေကို သန်းခေါင်စာရင်း ဆန်းစစ်လေ့လာသူတွေက သိရှိလေ့လာပြီးဖြစ်ပါတယ်။ ဆယ်စုနှစ်များစွာ လေ့လာဆန်းစစ်မှုတွေ ပြုလုပ်ခဲ့တဲ့အတွက် သန်းခေါင်စာရင်းရလဒ်တွေရဲ့ ရှိသင့်တဲ့ပုံစံတွေကို သိပြီးဖြစ်တဲ့အတွက် ဘယ်လိုရလဒ်ပုံစံကတော့ဖြင့် လွဲမှားပြီးသွေဖီမှုတွေ ဖြစ်သွားတယ်ဆိုတာကို သိနိုင်ပါတယ်။ ဒီလို ဝေဖန်ပိုင်းခြားမှုမျိုးနဲ့ သန်းခေါင်စာရင်းသတင်းအချက်အလက်တွေရဲ့ အရည်အသွေးကို ထိန်းချုပ်ထားခြင်းပဲဖြစ်ပါတယ်။ တခြားအဆင့်မြင့် နည်းပညာတွေနဲ့လည်း ဆန်းစစ်လို့ရသေးတယ်။ မြန်မာနိုင်ငံရဲ့ သန်းခေါင်စာရင်းအတွက်လည်း ဒီနည်းပညာတွေ သုံးထားတာဖြစ်ပါတယ်။

၂၇။ အကယ်၍ သန်းခေါင်စာရင်း သတင်းအချက်အလက်တွေကို လျှို့ဝှက်ထားမယ်ပြောပြီးမှ စာရင်းကောက်တွေက ဘာလို့ အိမ်ထောင်တစ်ခုမှာရှိတဲ့ လူအားလုံးရဲ့ နာမည်တွေကို မေးရသလဲ?

နာမည်တွေကို မေးတယ်ဆိုတာ စာရင်းကောက်ယူရာမှာ စာရင်းကောက်တွေအတွက် လွယ်ကူအောင်ဖြစ်ပါတယ်။ ဘယ်သူဘယ်ဝါဆိုတာကို ဖော်ပြဖို့ မဟုတ်ဘူး။ လူအများကြီးရှိတဲ့ အိမ်ထောင်စုမှာဆိုရင် စာရင်းကောက်တွေက တစ်ဦးချင်းရဲ့ အသက်၊ စာတတ်မြောက်မှုအခြေအနေ စတာတွေကို မေးတဲ့အခါ ဘယ်သူ့အတွက် ဆိုတာကို လိုက်မှတ်ဖို့လိုပါတယ်။ ဒီအချက်အလက်တွေကို အပြင်ကို မပေါက်ကြားစေဖို့ စီမံဆောင်ရွက်ထားပါတယ်။ သတင်းအချက်အလက်တွေကို တွက်ချက်တဲ့အခါမှာ နာမည်တွေကို ထည့်မတွက်ပါဘူး။ ကွန်ပျူတာအချက်အလက်ဖိုင်တွေထဲကို အချက်အလက်များ ထည့်တဲ့အခါ နာမည်တွေကို ထည့်သွင်းခြင်းမရှိပါဘူး။

၂၈။ ကွန်ပျူတာတွေနဲ့ ပုံရိပ်ဖမ်းစက် (Scanner) တွေကို သန်းခေါင်စာရင်း သတင်းအချက်အလက် ဆန်းစစ်မှုမှာသုံးဖို့ ဘယ်လိုရွေးချယ်ခဲ့ပါသလဲ?

UNFPA က ဒီကိစ္စမှာ အဓိကကူညီပြီး နိုင်ငံတကာစံနှုန်းအတိုင်း အပြိုင်အဆိုင် ယှဉ်ပြိုင်တင်ဒါ ခေါ်ယူခဲ့ပါတယ်။ အရည်အသွေးနဲ့ နည်းပညာ လိုအပ်ချက်တွေကိုက်ညီတဲ့ စက်ပစ္စည်းကိုရောင်းတဲ့ တစ်ကမ္ဘာလုံးက ဘယ်ကုမ္ပဏီမဆို ဝင်ရောက်ယှဉ်ပြိုင် အဆိုပြုလွှာတွေ တင်သွင်းလို့ရပါတယ်။ ဈေးနှုန်း၊ သူတို့ပေးမယ့် သင်တန်းရဲ့အရည်အသွေး၊ အထောက်ပံ့ ပေးစွမ်းနိုင်မှုတွေအပေါ် မူတည်ပြီး ရွေးချယ်မှုတွေ လုပ်ခဲ့ပါတယ်။ နောက်ပြီး စက်ပျက်ရင် ပြင်ဆင်ပေးနိုင်မှုအပေါ်လည်း ထည့်သွင်း စဉ်းစားတယ်။ ဘယ်နိုင်ငံက ထုတ်တယ်ဆိုတာတော့ အဓိက မဟုတ်ပါဘူး။

၂၉။ တိုင်းရင်းသား လက်နက်ကိုင်တွေရှိတဲ့ နယ်မြေက လူတွေကိုရော ရေတွက်သလား?

အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ညှိနှိုင်းပြီး သူတို့ရှိတဲ့နေရာမှာ စာရင်းကောက်ယူဖို့ သဘောတူညီမှုရယူခဲ့ပါတယ်။ တချို့သော နေရာအနည်းငယ်မှာတော့ မကောက်နိုင်ခဲ့ဘူး။ အဓိက တော့ လုံခြုံရေးကြောင့်ပါ။ မကောက်နိုင်ခဲ့တဲ့ နေရာတွေကိုလည်း အတိအကျ ဖော်ပြထားပါတယ်။ စာရင်းကောက်ယူနိုင်တဲ့ ဒေသတွေအားလုံးကိုလည်း အစီရင်ခံစာတွေမှာ ဖော်ပြပေးသွားမှာပါ။ တနိုင်ငံလုံး အနေအထားနဲ့ဆို (၉၈%) လောက်ကို စာရင်းကောက်နိုင်ခဲ့ပါတယ်။

၃၀။ မြန်မာနိုင်ငံပြင်ပမှာ နေနေကြတဲ့ ပြည်သူတွေနဲ့ ရွှေ့ပြောင်း အလုပ်သမားတွေကိုကော သန်းခေါင်စာရင်းမှာ ထည့်ရေတွက်သလား?

သန်းခေါင်စာရင်းက သတ်မှတ်ထားတဲ့ သန်းခေါင်ညမှာ နိုင်ငံအတွင်းမှာ ရှိတဲ့သူတွေအားလုံးကိုဘဲ ထည့်သွင်းကောက်ယူပါတယ်။ သူတို့တွေဟာ ဘယ်လိုလူတွေဘဲ ဖြစ်ဖြစ်ပေါ့။ ဒါကြောင့် တခြားနိုင်ငံ မှာ နေနေကြတဲ့ ပြည်သူတွေ (တရားဝင်ဖြစ်စေ၊ တရားမဝင်သွားရောက်သည်ဖြစ်စေ) မပါဝင်ပါဘူး။

၃၁။ မနှစ်က ကောက်ယူခဲ့တဲ့ စမ်းသပ်သန်းခေါင်စာရင်းက ဘယ်လောက် အတိုင်းအတာထိ အသုံးဝင်သလဲ?

ပင်မသန်းခေါင်စာရင်း မကောက်ခင် တစ်နှစ်တိတိအလိုမှာ ဘာသာစကား၊ ဓလေ့ထုံးတမ်း မတူတဲ့ ဒေသတွေ၊ မတူကွဲပြားမှုအားလုံးပါဝင်တဲ့ ဒေသ တွေကိုရွေးချယ်ပြီး စမ်းသပ်သန်းခေါင်စာရင်းကို ကြိုတင်စမ်းသပ်ကောက်ယူလေ့ရှိပါတယ်။ ဒီလိုမျိုးလုပ်ခြင်းအားဖြင့် တွေ့ကြုံလာနိုင်တဲ့ အခက်အခဲ တွေကို ဖော်ထုတ်နိုင်ခဲ့တယ်။ ပြီးတော့ ဘယ်လိုမေးခွန်းမျိုးက သင့်တော်တယ်၊ စာရင်းကောက်ကွက် မြေပုံမှာအိမ်ထောင်စုတိုင်းပါ၊မပါဆိုတာတွေကိုစမ်းသပ်တိုင်းတာနိုင်ခဲ့တယ်။စာရင်းကောက်တွေကို သင်တန်းပြန်ပေးဖို့၊ မေးခွန်းမေးရာမှာ စကားအသုံးအနှုန်းတွေကို ပြန်ပြင်ဖို့ စတာတွေကို စမ်းသပ် သန်းခေါင်စာရင်းကနေ သင်ခန်းစာတွေရလိုက်ပါတယ်။ ရရှိခဲ့တဲ့ သင်ခန်းစာတွေအပေါ် မူတည်ပြီး လူထုအသိပညာပေးလုပ်ငန်းတွေမှာလည်း အသုံးပြုနိုင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ အစမ်း သန်း ခေါင်စာရင်းကို မြို့နယ်ပေါင်း (၂၀)နဲ့ အိမ်ထောင်စုပေါင်း (၅၀၀၀) လောက် ကောက်ယူခဲ့ပါတယ်။

တိုင်းရင်းသားလူမျိုးများနှင့် ဘာသာရေးနှင့် ပတ်သက်သော မေးခွန်းများ

၃၂။ တိုင်းရင်းသားအဖွဲ့ငယ်များ (အုပ်စုဖွဲ့ခြင်း) စာရင်းတွင် တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးဟု ဖော်ပြထားပါသည်။ ဒီကိစ္စနှင့် ပတ်သက်ပြီး တိုင်းရင်းသားဒေသများတွင် သဘောတူညီမှု မရှိသေး ကြောင်းနှင့် ထိုစာရင်းသည် မှန်ကန်သေချာသော မြန်မာနိုင်ငံရှိ တိုင်းရင်းသားကိုယ်စားပြု စာရင်း မဟုတ်ဟု ပြောဆိုနေကြပါတယ်။ ဒါကြောင့်မေးစရာ မေးခွန်းတွေရှိလာပါတယ်။ အကယ်၍ လူတွေက စာရင်းထဲမှာပါတဲ့ အုပ်စု"အမှန်"အောက်မှာ မဖော်ပြရင် ဘယ်လိုလုပ်မလဲ (အဲဒီစာရင်း မှာ သူတို့လူမျိုးစု နာမည်အမှန် မပါဝင်ဘူး)? တကယ်လို့ အုပ်စုနာမည်တွေ မမှန်ကန်ဘူး (သို့မဟုတ်) ဖြေဆိုသူတွေက အမှန်အတိုင်း မဖြေကြဘူးဆိုရင် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်မှာ သက်ဆိုင်ရာ တိုင်းရင်းသားရေးရာ ဝန်ကြီးများ ခန့်အပ်တဲ့အခါ ဘယ်လိုလုပ်မလဲ။

တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးစာရင်းသည် နိုင်ငံအတွင်းရှိ လူတိုင်းက လက်မခံနိုင်၊ အသိအမှတ် မပြုနိုင်တဲ့ စာရင်းတစ်ခု ဖြစ်တယ်ဆိုတာ နားလည်လက်ခံကြပြီးဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း ပြည်သူတွေက မိမိကိုယ်မိမိ ဘယ်တိုင်းရင်းသားအဖြစ် သတ်မှတ်တယ်ဆိုတဲ့ ကိစ္စတွေကို သေချာ အောင်ဆောင်ရွက်ဖို့ လိုတယ်ဆိုတာကို အသိအမှတ်ပြုပြီးဖြစ်ပါတယ်။ တိုင်းရင်းသားခေါင်းဆောင် တွေနဲ့ အတူပူးပေါင်းပြီး လူမျိုး(၁၃၅) မျိုး စာရင်း (သို့မဟုတ် ပြန်လည်ပြင်ဆင်ထားသောစာရင်း) ကို ပြည်သူတွေလက်ခံ အသိအမှတ်ပြုတဲ့ တရားဝင်စာရင်းဖြစ်သည်အထိ ဆောင်ရွက်သွားဖို့ ကတိ ပြုထားပြီး ဖြစ်ပါတယ်။ ဒီစာရင်းကို နိုင်ငံအတွင်းမှာ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံ ဆွေးနွေးပွဲများပြုလုပ်ပြီး သဘောတူညီမှု ရရှိရေး ဆောင်ရွက်သွားမှာဖြစ်ပြီး နောက်ဆုံးအဆင့်မှာ တော့ လွှတ်တော်မှ အတည်ပြုပေးရမှာလည်းဖြစ်ပါတယ်။

သန်းခေါင်စာရင်းက ဒီကိစ္စကို ဖြေရှင်းဖို့အတွက် အသုံးချနည်းလမ်း (သို့) ယန္တရားတစ်ခုတော့ မဟုတ်ပါဘူး။ သန်းခေါင်စာရင်းက တိုင်းရင်းသား လူမျိုးအမည်တွေကိုအုပ်စုခွဲရာမှာ ထွက်ပေါ်လာတဲ့ သဘောတူညီမှုမရှိတဲ့ အတိုင်းအတာပမာဏတွေ ဖြစ်ပေါ်နေမှုကို ပေါ်လွင်စေတာသာ ဖြစ်ပါတယ်။

ဒီသဘောတူညီမှု မရရှိတဲ့အခြေအနေက ထွက်ပေါ်လာတဲ့ ဒွိဟပြဿနာတွေနဲ့ ဖြေရှင်းသွားရမဲ့ ကိစ္စရပ်တွေကို မြင်သာလာစေပါတယ်။ တနည်းပြောရရင် ဖြေရှင်းဖို့ကိစ္စရပ်တွေ ကျန်ရှိနေသေးကြောင်းနဲ့ ဒါတွေကိုဖြေရှင်းဖို့အတွက် ကောင်းမွန်တဲ့နည်းလမ်းကိုရှာကြဖို့ အစပြု ပေးလိုက်တာဖြစ်ပါတယ်။ ဒါပေမယ့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်နဲ့ရရှိလာတဲ့အချက်အလက်တွေအနေနဲ့ကတော့ နောက်ပိုင်း ဆက်လက်ဆောင်ရွက်ကြမယ့် အဆိုပါကိစ္စတွေမှာ ပါဝင်မယ့်ကဏ္ဍမရှိပါဘူး။

သန်းခေါင်စာရင်းမှာ လူတွေဖြေကြားလိုက်တဲ့တိုင်းရင်းသားအမည်အတိုင်းကောက်ခံမှတ်သားခဲ့ခြင်းဖြစ်ပါတယ်။ ဘယ်တိုင်းရင်းသား အမည် ခေါင်းစဉ်အောက်မှာ ပါဝင်ချင်တယ်ဆိုတာက အဲဒီလူတွေကိုယ်တိုင်က သတ်မှတ်ဖော်ထုတ်ရတာပါ။ သန်းခေါင်စာရင်းက မေးခွန်းပုံစံထဲမှာ ပါတဲ့အတိုင်း စာရင်းပြုစုရတာပါ။ အကယ်၍ တိုင်းရင်းသားရေးရာဝန်ကြီးများ သတ်မှတ်ပေးဖို့ရှိလာပါက လူတွေဘယ်လို သတ်မှတ် ထုတ်ဖော်ခဲ့သလဲဆိုတဲ့အဖြေမှာ မူတည်ပါမယ်။ ဖြေကြားမှုရလာဒ်တွေပေါ်မှာ နားလည်မှုလွဲတာတွေ ရှိခဲ့မယ်ဆိုရင် အဲ့ဒါက လူတွေကြားမှာ တိုင်းရင်းသားလူမျိုးအမည်များ အပေါ်မှာရှိတဲ့ မတူညီတဲ့အမြင်များစွာ ရှိနေတယ်ဆိုတာကို ပြနေတာပါ။ ဖြေရှင်းညှိနှိုင်းမှုတွေပြုလုပ်ရမယ့် အဓိက စိန်ခေါ်မှုတစ်ခု ဖြစ်ပါတယ်။

မြန်မာအစိုးရက တိုင်းရင်းသားလူမျိုးအမည်များနှင့် ပတ်သက်သောမေးခွန်းကို မေးခွန်းပုံစံမှာ ထည့်သွင်းသွားဘို့ ဆုံးဖြတ်ခဲ့တဲ့အချိန်မှာ မြန်မာနိုင်ငံ ဥပဒေမှာရှိနေတဲ့ အခြေခံလို့ရနိုင်တဲ့စာရင်းက ဒီ (၁၃၅) မျိုး စာရင်းပဲ ရှိခဲ့ပါတယ်။ နောင်တစ်ချိန်မှာ စာရင်းအသစ်ပေါ် ထွက်လာခဲ့မယ်ဆိုရင် သန်းခေါင်စာရင်းရဲ့ စာရင်းဇယားတွေကို အဲဒီ တိုင်းရင်းသားလူမျိုးများ စာရင်းအသစ်နဲ့အညီ ပြန်လည် ထည့်သွင်းဖြည့်စွက်သွားလို့ရပါမယ်။ တတိယပိုင်း သန်းခေါင်စာရင်းရလာဒ်အချက်အလက်များ ထုတ်ပြန်ရမယ့်အချိန်အထိ အဆိုပါစာရင်းအသစ် မရနိုင်သေးဘူးဆိုရင် တိုင်းရင်းသား လူမျိုးများနဲ့ သက်ဆိုင်သော အချက်အလက်များကို အားလုံးလက်ခံ သဘောတူညီပြီးသည်အထိ ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်ပြီး လွှတ်တော်ကလည်း အတည်ပြုပေးသော အခြေအနေတစ်ခုရောက်သည်အထိ ရွှေ့ဆိုင်းပြီးမှ ထုတ်ပြန်ရန် ဆုံးဖြတ်သည်မျိုးလည်း ဖြစ်နိုင်ပါသည်။

၃၃။ ဘာသာရေးနှင့် တိုင်းရင်းသားလူမျိုးများဆိုင်ရာ အချက်အလက်များကို ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် နှင့် ကျေးရွာအဆင့်တွေမှာ ထုတ်ပြန်ဖို့ ဘယ်သူကနေ ဘယ်လို ဆုံးဖြတ်ပါသလဲ?

အချက်အလက်အားလုံးအတွက် လျော်ညီမှုရှိတဲ့အတိုင်းအတာအတိုင်း ထုတ်ပြန်ကြေငြာသွားမှာပါ။ အချို့အချက်အလက်တွေက စီမံကိန်းနှင့်ဖွံ့ဖြိုးမှုများ အကောင်ထည်ဖော်ဖို့အတွက် အောက်ဆုံး ကျေးရွာအုပ်စုအဆင့်အထိ အသေးစိတ် သိရှိရန်လိုအပ်ပြီး အချို့အချက်တွေကတော့ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့်လောက်နဲ့တင် မူဝါဒများချမှတ်လို့ရနိုင်တဲ့ အခြေအနေရှိပါတယ်။ ဥပမာ - ရေ၊ လျှပ်စစ်မီး၊ တစ်ကိုယ်ရည် သန့်ရှင်းမှုတို့နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို အသေးစိတ် အောက်ဆုံးအဆင့်အထိရရှိခြင်းအားဖြင့် ဒေသအသီးသီးမှာလိုအပ်တဲ့ ဝန်ဆောင်မှုတွေပေးဖို့ အတွက် ဆုံးဖြတ်ချက်ချမှတ်ရာမှာ အသုံးပြုနိုင်ပါတယ်။ ကိုးကွယ်တဲ့ဘာသာကဲ့သို့သော အချက်

အလက်များနဲ့ တချို့အချက်အလက်တွေကို ဘယ်အတိုင်းအတာအထိ ထုတ်ပြန်ကြေငြာသွားဖို့ လိုအပ်တယ်ဆိုတာကို အစိုးရမှ ဆုံးဖြတ်သွားပါလိမ့်မယ်။

၃၄။ သန်းခေါင်စာရင်း ကောက်ယူရာမှာ သွေးနှောတွေကို ဘာကြောင့် ကုဒ်နံပါတ်ပေးပြီး အသိအမှတ်မပြုတာလဲ?

သန်းခေါင်စာရင်းမှာ သွေးနှောတွေကို ဖော်ပြဖို့ထည့်သွင်းစဉ်းစားခဲ့ပါတယ်။ ဒါပေမဲ့ သန်းခေါင်စာရင်းဆိုတာက တိုင်းရင်းသားလူမျိုးတွေကို သတ်မှတ်ဘို့ (သို့) သူတို့ကို ကုဒ်နံပါတ်တွေပေးဖို့အတွက် လုပ်ဆောင်တဲ့လုပ်ငန်းမဟုတ်ဘူးဆိုတာကို နားလည်ဖို့ အရေးကြီးပါတယ်။ ဒါတောင်မှ လက်တွေ့မှာ လူပေါင်းများစွာက သွေးနှောနေတာနဲ့ ဘယ်တိုင်းရင်းသား သွေးဘက်ကို မိမိကိုယ်ကို မိမိခံယူတယ် (သို့) အညီအမျှသွေးနှောမှု တန်ဖိုးကို ခံယူတယ်ဆိုတာကို ပုံစံမျိုးစုံနဲ့ဖော်ပြကြပါတယ်။ ဒီလိုသဘာထားတွေရှိနေတာကို သိရှိတဲ့အတွက် မိမိကိုယ်မိမိ သွေးနှောအဖြစ် ဖော်ပြလိုသူများဟာ တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးစာရင်းမှာ မဖော်ပြဘဲ "အခြား" (ကုဒ်နံပါတ် ၉၁၄ အောက်) တွင် ဖော်ပြဖို့ အစိုးရက သဘောတူခဲ့ပါတယ်။

ဖြစ်ရပ်တစ်ခုချင်းစီအလိုက် သီးခြားကုဒ်နံပါတ်တွေပေးပြီး သွေးနှောနေမှုပုံစံတွေကို အသေအချာဆန်းစစ်လေ့လာဖို့အတွက် လိုအပ်တဲ့အခြေအနေများလည်းရှိပါတယ်။ သန်းခေါင်စာရင်းကွန်ပျူတာအော်ပရေတာမှ စာရင်းသွင်းမှုမပြုလုပ်မီ ဒါကိုလုပ်ဆောင်ရပါတယ်။ အဲဒီလုပ်ဆောင်မှု အပိုင်းဟာ အချိန်အများကြီးယူတဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့အတွက်ကြောင့် ၂၀၁၅ နှစ်ကုန် (သို့) ၂၀၁၆ နှစ်ဆန်းပိုင်းမှာ တတိယပိုင်းအစီရင်ခံစာထွက်ရှိချိန်အထိ တိုင်းရင်းသားလူမျိုးများစာရင်းကို မထုတ်ပြန်နိုင်ရခြင်းဖြစ်ပါတယ်။ ဖြစ်နိုင်ခြေရှိတာတစ်ခုက သွေးနှောမှု ပုံစံမျိုးစုံရဲ့ရလဒ်အဖြစ် ကုဒ်နံပါတ်တွေ အများကြီးထွက်လာနိုင်ပါတယ်။ အချိန်ပိုကြာစေပါလိမ့်မယ်။ အဲဒါကြောင့် ၂၀၁၅ ခုနှစ် မေလမှာ ထွက်ရှိလာမယ့် ပင်မအစီရင်ခံစာမှာ ဒီအချက်အလက်တွေ မပါဝင်လာနိုင်တာ ဖြစ်ပါတယ်။

သန်းခေါင်စာရင်းကတိုင်းရင်းသားလူမျိုး နာမည်အသစ်တွေ၊ နောက်ပြီး သွေးနှောတိုင်းရင်းသားတွေ အများကြီးပေါ် ထွက်လာခဲ့မယ်ဆိုရင် ဒီနိုင်ငံထဲမှာဖြစ်နေတဲ့ တိုင်းရင်းသားလူမျိုးများ ဖြစ်တည်ပြောင်းလဲနေတဲ့ သဘာဝကိုနားလည်နိုင်ဖို့ အင်မတန်အရေးပါပြီး အဖိုးတန်တဲ့ အချက်အလက်များ ရရှိလာတာလို့ ပြောနိုင်ပါတယ်။ သို့သော် တိုင်းရင်းသားလူမျိုးများ သတ်မှတ်ခြင်းအတွက် ဒီတစ်ခုတည်းနှင့် မလုံလောက်ပါဘူး။ ရှေ့လျှောက် တွေ့ဆုံဆွေးနွေးပွဲများ လုပ်ဆောင်ခြင်းဖြင့် တိုင်းပြည်အခြေအနေနှင့် ကိုက်ညီတဲ့ လူ့အသိုင်းအဝိုင်းက အားလုံးသဘောတူ လက်ခံတဲ့ တိုင်းရင်းသားလူမျိုးစာရင်းတစ်ခု ဒီနိုင်ငံမှာ ပေါ် ထွက်လာဖို့ လုပ်ဆောင်သွားရန် လိုအပ်ပါတယ်။ ဒါ့အပြင် အစိုးရကလည်း လက်ရှိ တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးစာရင်းကို တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်သွားပြီး ပြန်လည်သုံးသပ်ပြင်ဆင်သွားဖို့ ကတိပြုထားပြီး ဖြစ်ပါတယ်။ အဲဒီအပိုင်းပြီးသွားရင် လွှတ်တော်ထဲမှာ အတည်ပြုပြဋ္ဌာန်းပြီး တရားဝင်ကျင့်သုံးသွားနိုင်ပါလိမ့်မယ်။

တိုင်းရင်းသားလူမျိုးများနဲ့ ပတ်သက်တဲ့မေးခွန်းကို သန်းခေါင်စာရင်းကောက်ယူမှုမှာ အကြောင်းအမျိုးမျိုးကြောင့် ထည့်သွင်းထားတာဖြစ်တယ်ဆိုတာကို သတိပြုမိရန် အရေးကြီးပါတယ်။ နိုင်ငံတစ်ဝှမ်း တိုင်းရင်းသားလူမျိုးများ ဖြန့်ကျက်နေထိုင်မှု အခြေအနေကို သိရှိဖို့အဓိကပါ။ စီးပွားရေး (သို့) လူမှုရေးမညီမျှမှုတွေဟာ မကြာခဏဆိုသလို နေထိုင်ရာနယ်မြေဒေသအလိုက် (သို့) ရပ်တည်ပါဝင်တဲ့ လူအုပ်စုကိုလိုက်ပြီး ဖြစ်ပေါ် နေတာဖြစ်လို့ ဒီအချက်တွေကို သိရှိထားဖို့အရေးကြီးပါတယ်။ သန်းခေါင်စာရင်းမှာ ဒီမေးခွန်းတွေကို မေးခြင်းဖြင့် လူမှုရေးမူဝါဒများနှင့် တန်းတူညီမျှရေး အစီမံများ ပြုလုပ်ရန်အတွက် အချက်အလက်များ စုဆောင်းပေးတာ ဖြစ်ပါတယ်။

၃၅။ ပြည်နယ်နှင့် တိုင်းဒေသကြီးမှာရှိတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လူဦးရေစာရင်းအမှန်ကို သန်းခေါင်စာရင်းက ရရှိနိုင်မယ်လို့ ကျိန်းသေ ပြောနိုင်ပါသလား?

လောလောဆယ် လူဦးရေတွေ လျော့ကောက်ထားတယ် (သို့) ပိုကောက်ထားတယ် ဆိုတာကို သက်သေပြနိုင်တဲ့ အနေထားမရှိပါဘူး။ သန်းခေါင် စာရင်းကောက်ယူရာမှာ ဘာသာစကားတူ၊ ပတ်ဝန်းကျင်ဒေသဓလေ့နှင့် ရင်းနှီးပြီးသားဖြစ်တဲ့ ဒေသခံစာရင်းကောက်များကိုသာ သူတို့ဒေသမှာ စာရင်းကောက်ဖို့ ရွေးချယ်စေလွှတ်တာဖြစ်ပါတယ်။ ဒါ့အပြင် အချက်အလက်တွေကို မှန်ကန်စွာ ကောက်ယူနိုင်ရန်အတွက် အရည်အသွေးပိုင်းဆိုင်ရာ ထိန်းချုပ်စိစစ်တဲ့ လုပ်ငန်းစဉ်များလည်း ထားရှိပါတယ်။ အမှားအယွင်းတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက အဓိကအချက်နှစ်ချက်ကြောင့် ဖြစ်နိုင်ပါတယ်။

ပထမအချက်ကတော့ ဖြေဆိုသူကိုယ်တိုင်က မိမိရဲ့တိုင်းရင်းသား လူမျိုးအမည်အတိုင်းမဟုတ်ဘဲ တစ်ခြားအမည်တစ်ခု ဖြေဆိုခြင်း ဖြစ်နိုင်ပါတယ်။ မိမိကိုယ်တိုင်က မိမိရဲ့ တိုင်းရင်းသားအမည်ကို အမှန်တိုင်း မဖော်ပြရင် စာရင်းကောက်ကလည်း ဖြေလိုက်တဲ့အတိုင်း မှတ်သားသွားမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ရပ်မျိုးရှိခဲ့နိုင်ပါတယ်။ ဒါပေမဲ့ အများကြီးတော့ မရှိနိုင်ပါဘူး။

ဒုတိယအချက်ကတော့ တိုင်းရင်းသားလူမျိုးတစ်စု နေထိုင်တဲ့ဒေသတွေမှာ လူဦးရေ လျော့ကောက်မိတာမျိုး ဖြစ်နိုင်ပါတယ်။ အဲဒီနေရာတွေမှာ အဲဒီလူမျိုးစုအတွက် လူဦးရေစာရင်း လျော့သွားမှာ ဖြစ်ပါတယ်။ သန်းခေါင်စာရင်း ကောက်ယူရာမှာ အရည်အသွေးထိန်းချုပ်မှုပိုင်းဆိုင်ရာ အစီမံတွေရှိတာကြောင့် ဒါမျိုးဖြစ်နိုင်ခြေလည်းနည်းပါတယ်။ တစ်နိုင်ငံလုံးခြုံငုံပါဝင်တဲ့ တိကျတဲ့ စာရင်းကောက်ကွက်မြေပုံများ ရေးဆွဲထားပြီး အဆောက်အဦးများ အိမ်ခြေများကို ကောက်ကွက်တစ်ခုချင်းစီအလိုက် ထည့်သွင်းထားခဲ့ပါတယ်။ ဒါ့အပြင် သန်းခေါင်စာရင်း မကောက်ယူမီ ရက်ပိုင်းအလိုမှာလည်း မြေပြင်မှာရှိမရှိ ကြိုတင်အတည်ပြုထားပြီးဖြစ်တာကြောင့် တကယ်လက်တွေ့ သန်းခေါင်စာရင်းကောက်ယူတဲ့အချိန်မှာ လူတွေစာရင်းမကောက်မိဘဲကျန်ရစ်ခဲ့ဖို့ အလားအလာနည်းစေပါတယ်။ ကြိုတင်ပြင်ဆင်မှုအပိုင်းတွေမှာ အိမ်ခြေတစ်ခုတောင်မှ မကျန်ရစ်စေဖို့ စီမံထားပါတယ်။

မည်သို့ပင်ဆိုစေ သန်းခေါင်စာရင်းကောက်ယူမှုမှာ (၁၀၀%) လုံးဝ အပြည့်အဝကောက်ယူနိုင်ဖို့ ဆိုတာ ဖြစ်ခဲပါတယ်။ အဲလိုမကောက်နိုင်ခဲ့တဲ့ အခြေနေမျိုးရှိမယ်ဆိုရင်လည်း အနည်းအကျဉ်းသာ ဖြစ်နိုင်ပြီး ရလာဒ်တစ်ခုလုံးပေါ်မှာ ထိခိုက်သွားနိုင်လောက်တဲ့အထိတော့ မဖြစ်နိုင်ပါဘူး။ ဒါ့အပြင် စာရင်းကောက်ယူဘို့ ကျန်ရစ်ခဲ့တဲ့အခြေအနေများရှိခဲ့ပါက သန်းခေါင်စာရင်းဖြစ်စဉ်ရဲ့ ခြုံငုံဆန်းစစ်မှု အပိုင်းမှာ ဖော်ပြထားမှာ ဖြစ်ပါတယ်။

နောက်ပိတ်ဆုံး ခြုံငုံဆန်းစစ်မှုလုပ်ငန်းကို ၂၀၁၆ ခုနှစ်မှာ ပြုလုပ်ပါမယ်။ ဒီလုပ်ငန်းကို လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ ကုလသမဂ္ဂမူဘောင်များ၊ အကြံပြုချက်များနှင့်အညီ မြန်မာနိုင်ငံအတွက် ပြင်ဆင်မှုများ ပြုလုပ် ဆောင်ရွက်သွားပါမယ်။

အချက်အလက်များ အသေးစိတ်ထပ်မံသိရှိလိုပါက

www.dop.gov.mm

http://myanmar.unfpa.org/census